mgyoe.com

SAMPLE BOOK



# ဈရန်ဈနှန်းဂဝ

သော်တာအေးလွဲ

mgyoe.com

mgyoe.com SAMPLE BOOK

အချစ်ဟာ ပုဂ္ဂလဓိဋ္ဌာန်ပဲ။

အဲဒါထက် အိမ်ထောင်ရေးဟာ

အနက်ရှိုင်းဆုံး လူမှုသိပ္ပံဘာသာရပ်ပေါ့။

တချို့ကိစ္စတွေဟာ ကြိုတွေးထားလို့ မရတာ၊

ဖြေရှင်းနည်းက တသမတ်တည်း မရှိတာ၊


အချစ်တွေ စုတောကျချိန်နဲ့

အိမ်ထောင်ရေး ကံတော်ကုန်ချိန်ဆိုတာ

ကမ်းနားမြက်လို မရေမရာရှိလှတာ...

တစ်နဲ့တစ် ပေါင်းလို့ နှစ်မထွက်တဲ့ အခြေအနေဆိုတာ

တကယ် ဖြတ်သန်းကြည့်မှ သိတာရယ်ပါ။



cover design | mar na

ISBN 978-99971-44-31-7
K0418
9 789997 144317 >

mgyoe.com


mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဇူလိုင်လ၊ ၂၀၂၀ ပြည့်နှစ်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက်(၀၀၂၉၀)
အမှတ်-၄၆၊ ၄၆ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက်(၀၀၈၃၆)
အမှတ်-၈၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
မျက်နှာဖုံးသရုပ်ဖော်- မာဏ
တန်ဖိုး - ၄၂၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

အဲဒီနေ့ကပေါ့။

အမှတ်တရဖြစ်ရတဲ့ အကြောင်းအရာ တစ်ခုခုကို ပြောမယ် ဆိုရင် ထုံးစံအတိုင်း အဲဒီနေ့ကပေါ့လို့ ကျွန်မ အစချီမိတတ်တယ်။ တကယ်တော့ "အဲဒီနေ့က" လို့ အထူးပြုပြီး ပြောစရာ အဖြစ်အပျက်တွေ ကျွန်မမှာ ပေါ်များသယောင်ပါပဲ။ ဒါပေမဲ့ တိတိကျကျ မှတ်မှတ်သားသား ပြောပြလောက်စရာကတော့ လက်ချိုးရေလို့ ရပါတယ်။ တသီးတသန့် ထင်ထင်မှတ်မှတ် ဖြစ်ရတဲ့နေ့ရဲ့ နောက်မှာတော့ ဒါနဲ့ ဆက်စပ်ပြီး အောက်မေ့စရာ နောက်ထပ်နေ့ရက်တွေ၊ အဖြစ်အပျက်တွေကလည်း မီးခိုးမျှင်လို မဆုံးတမ်း လိုက်လာတတ်တယ်။ ဆိုတော့.... စုစုပေါင်း ရေတွက်ကြည့်ရင် ရက်ပေါင်း သုံးထောင်စာလောက် ရှိမလားပဲ။ ဒီကြားထဲမှာ ပျောက်ဆုံးသွား၊ ဟာလာဟင်းလင်း ဖြစ်သွားတဲ့ နှစ်တချို့လည်း ရှိခဲ့ပါတယ်။

ဟုတ်တယ်။ အဲဒီနေ့ကပေါ့၊ သာမန်ကြည့်ရင် အရာရာဟာ ပုံမှန်အတိုင်း လည်ပတ်နေခဲ့ပါတယ်။ မနက် ရှစ်နာရီထိုးခါနီးမှာ ကျွန်မ အိပ်ရာနိုးလာခဲ့တယ်။ သူ့ရှေ့က ရက်နဲ့ ယှဉ်တွက်ရင် မိနစ် ၂၀ နောက်ကျပြီးမှ နိုးခဲ့တာပါ။ ဒါဟာ

mgyoe.com

mgyoe.com

ထူးခြားမှုတစ်ခု မဟုတ်သေးဘူး။ မနက် လေးနာရီခွဲ၊ အမှောင်ထု ဖျော့လာ ချိန်မှာ ရပ်ကွက်ထဲက "ဘုဒ္ဓေါ သပ္ပုရိသအနွယ်ဝင် သူတော်ကောင်းတို့" ဆိုတဲ့ နိဗ္ဗာန် ဆော်သံကိုလည်း တစ်ရေးနိုး ရေထသောက်တုန်း ကြားလိုက်မိသေးတယ်။ ကျွန်မ နိုးနိုးချင်းမှာ အိပ်ခန်းထဲကို တိုးဝင်လာတဲ့ "အမှိုက်၊ အမှိုက်" ဆိုတဲ့ အမှိုက်သိမ်းတွန်းလှည်းသမားရဲ့ အော်သံဟာလည်း သူ့အချိန်နဲ့သူ အံကိုက်ပါပဲ။ ဆိုလိုချင်တာက အရာရာဟာ အသားတကျ ရွေ့နေခဲ့တယ်ပေါ့။

ရာသီဥတုက ဆောင်းဝင်ခါစ ဆိုပေမယ့် အအေးဓာတ်ငွေ့ငွေ့မျှတောင် မသမ်းသေးပါဘူး။ ရွေ့နှစ်ရက်တုန်းကဆိုရင် အိုက်စပ်စပ်တောင် ဖြစ်နေသေးတာ။ ဒါဟာ တစ်စတစ်စ လူဦးရေ သိပ်သည်းမှု ထပ်ဆင့်လာတဲ့ ရန်ကုန်ရဲ့ ပြောင်းလဲမှု တစ်ခုလည်း ဖြစ်ကောင်းဖြစ်မှာပါ။ အဲဒီမနက်ကတော့ ဆောင်းဓာတ်နဲ့ အေးလှ တယ် မဟုတ်ပေမယ့် ပူအိုက်နေတာမျိုးလည်း မရှိဘူး။ အရှေ့ဘက်အရပ်ကို မျက်နှာမူထားတဲ့ ကျွန်မ အိပ်ခန်းထဲကို ထိုးဖောက်ဝင်ရောက်လာတဲ့ နေရောင်ခြည် ကတော့ နည်းနည်းစူးရဲပါတယ်။ ကျွန်မ ခေါင်းအုံးနားကိုတောင် နေပြောက်က ရောက်လုပြီ။ ဒါပေမဲ့ ပျင်းပျင်းနဲ့ပဲ နောက်ထပ် ဆယ့်ငါးမိနစ်လောက် ထပ်မှိန်း နေလိုက်တယ်။

အိပ်ရာထဲ အသာကွေးနေတုန်းမှာ မျက်ခွံတွေကသာ စေ့ပိတ်နေတာ၊ သိစိတ်ကတော့ စပြီး အလုပ်လုပ်နေပါပြီ။ ခေါင်းထဲမှာ အတွေးတွေ ပလုံစီ နေ တယ်။ မနေ့ကအကြောင်း၊ ဒီနေ့အကြောင်း အလုပ်ကိစ္စတွေလည်း ပါရဲ့၊ သွားစရာ လာစရာ မကင်းရာ မကင်းကြောင်းတွေလည်း ပါရဲ့။ နောက်နေ့အတွက် ကြိုတင်စီစဉ်စရာ ရှိတာတွေကိုလည်း စဉ်းစားမိရဲ့။ ဒီလောက် ပြေးလွှားနေတဲ့ စိတ်အာရုံတွေကြားထဲမှာ ဝင်ငွေ၊ ထွက်ငွေမျှခြေ စာရင်းကို စိတ်မှန်းနဲ့တောင် တွက်မိလိုက်သေးတယ်။ ဘယ်လောက်များ လှစ်ခနဲ တဖြုတ်ဖြုတ်ကြွေကုန်တဲ့ အတွေးတွေပါလိမ့်နော်။

တစ်ခုတော့ ရှိတယ်။ ညတုန်းက မအိပ်ခင်မှာ ကြည့်လိုက်မိတဲ့ ယူကျု ပေါ်က ဗီဒီယိုအကြောင်းကို စိတ် ရောက်သွားတော့မှ ကျွန်မရဲ့အတွေးတွေ နည်းနည်း တည်ငြိမ်သွားသလိုပဲ။ အဲဒီကာလဟာ မြန်မာနိုင်ငံမှာ ယူကျုကို တိုက်ရိုက်ကြည့်ဖို့ အခက်အခဲမျိုးစုံ ရှိခဲ့ရာကနေ လွတ်မြောက်ခါစ အချိန်လို့ ပြောလို့ရပါတယ်။ ဒါနဲ့ပဲ ကျွန်မမှာ ညဆို တော်တော်နဲ့ မအိပ်နိုင်ဘူး။ ဟိုကြည့် ဒီကြည့်ပေါ့။ မြေညီထပ်မှာရှိတဲ့ အင်တာနက်ကဖေးဆီကနေ ကျွန်မ ကွန်ပျူတာ

mgyoe.com

SAMPLE BOOK

အတွက် ကေဘာယ် ကြိုးလိုင်းတစ်ခု ယူထားလို့ အဆင်ပြေနေတာကြောင့်လည်း ပါတယ်။

ပထမဆုံးကြည့်မိတဲ့ ဗီဒီယိုကလစ်က အောင်မြင်ပြီး ပျော်ရွှင်စရာကောင်းတဲ့ အိမ်ထောင်ရေးကို ဘယ်လိုတည်ဆောက်မလဲ ဆိုပြီး အကြံပေးထားတာပါ။ ခပ်ချာချာပါပဲ။ အပြန်အလှန်နားလည်မှု တည်ဆောက်ဖို့ သည်းခံဖို့ တန်ဖိုးထားဖို့ အစရှိသဖြင့်ပေါ့။ ကြားဖူးနေကျ စကားတွေဆိုတော့ ပျင်းလာလို့ အဆုံးထိတောင် မကြည့်မိဘူး။ ကြည့်နေရင်းတော့ မင်းမြတ်ကို သတိရမိသားပဲ။

ဒုတိယ ယူကျူဗီဒီယိုကတော့ ဟယ်လန်ဖစ်ရှာရဲ့ တစ်နာရီကျော်လောက်ကြာတဲ့ လက်ချာတစ်ခုပါ။ ဟယ်လန်ဖစ်ရှာ ဆိုတာ အမေရိကားက မနုဿဗေဒပညာရှင် အမျိုးသမီးကြီးပေါ့။ သူက လူသားရဲ့ အမူအကျင့်နဲ့ သမိုင်း တစ်လျှောက် ဇီဝဗေဒတည်ဆောက်ချက် ပြောင်းလဲမှုတွေကို အထူးပြုလေ့လာပါတယ်။ အသက်လည်း ၆၀ ကျော်လောက် ရှိပါပြီ။ ဒါပေမဲ့ အတော်လေး သွက်တယ်။ ရုပ်ရည်သွင်ပြင်ကလည်း ခံ့ခံ့ထည်ထည်ရယ်။ ကျွန်မအတွက်တော့ အားကျစရာပါပဲ။ တစ်နာရီကျော်လောက် ကြာတဲ့ သူ့လက်ချာကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။

ပထမတစ်ချက်က သမိုင်းဦးမတင်မီခေတ်၊ သက်ရှိတို့ အခြေချ နေထိုင်လာတဲ့ ကာလမှာကတည်းက မျိုးပွားဖို့ မိတ်ဖက်ကို ရှာတဲ့အခါ သတ္တဝါတွေဟာ သူတို့အကြိုက်နဲ့သူတို့ ရွေးချယ်မှု ဆိုတာ ရှိခဲ့ပါတယ်တဲ့။ တစ်ကောင်နဲ့တစ်ကောင် တွေ့ကရာ ချစ်တင်းနှောတာမျိုး မဟုတ်ဘူးပေါ့။ ဒါပေမဲ့ လူသားဆိုတဲ့ သတ္တဝါမှာတော့ ပေါက်ဖွားလာတဲ့ မျိုးဆက်ကို အတူတကွ စောင့်ရှောက်ခြင်း ဆိုတဲ့ တာဝန်ကို ထမ်းဆောင်ဖို့ ချစ်ရည်လူးဆန္ဒကို သစ္စာစောင့်သိခြင်း ကျင့်ဝတ်နဲ့ ဘောင်ခတ်ထားကြပါသတဲ့။ ဒါဟာ လူ့သမိုင်းတစ်လျှောက် ထွန်းကားလာတဲ့ ယဉ်ကျေးမှုဖြစ်စဉ်ရဲ့ အမြုတေလို့လည်း ဆိုလို့ ရပါတယ်။

ဒုတိယတစ်ချက်မှာ ကွာရှင်းခြင်း အကြောင်းကို ပြောပါတယ်။ ကွာရှင်းခြင်း ကိစ္စကို ကြည့်ရင်တော့ အမျိုးသမီးတွေ ဝင်ငွေရှာလာနိုင်တဲ့ နောက်ပိုင်း၊ အိမ်ထောင်ရေးမှာ ယောကျ်ားတွေကို ပြန်လှန်အားပြိုင်လာတဲ့ နောက်ပိုင်း ကွာရှင်းနှုန်း များလာတာဟာ တစ်စိတ်တစ်ပိုင်းအားဖြင့် မှန်တယ်လို့ ဟယ်လန်က မြင်ပါတယ်။ ဒါပေမဲ့ ဇီဝဗေဒနဲ့ သဘာဝပြဋ္ဌာန်းမှုတွေအရ တွက်ကြည့်ရင်တော့ လူသားမိန်းမနဲ့ လူသားယောကျ်ား စုံတွဲဟာ အိမ်ထောင်ပြု၊

mgoe.com

mgyoe.com

SAMPLE BOOK


ကလေးမီးဖွားပြီး လေးနှစ်အကြာမှာ ကွာရှင်းပြတ်စဲကြဖို့ အလားအလာတွေ စလာတတ်ပါတယ်တဲ့။ လူမဟုတ်တဲ့တခြားသတ္တဝါတွေထဲမှာလည်း တစ်သက်လုံး အတူတကွ ရှိတာမျိုးက အတော်လေး ရှားပါးတာကိုး။ ပေါက်ဖွားလာတဲ့ သားငယ်တွေ မကြီးရင့်လာမီအချိန်အထိပဲ တွဲလက်က မြဲကြပါသတဲ့။

ဥပမာ – ဦးခေါင်းနဲ့ လည်တိုင်မှာ စိမ်းပြာမှိုင်းရောင်တွေ သမ်းနေတဲ့ သပိတ်လွယ်ငှက်ကလေးတွေ၊ ငှက်ပြာလေးတွေဆိုရင် နွေဦးကာလဟာ သူတို့ ချစ်စခန်းထကြတဲ့ ရာသီစန်းလို့ ဆိုနိုင်ပါတယ်။ နောက်တော့ သူတို့သားငယ်လေးတွေ ဥကနေပေါက်ပြီး အကောင်ဖြစ်လာ၊ အဲဒီနောက် အတောင်ကို တဖျပ်ဖျပ် စမ်းခတ်ကြတဲ့ နွေမွန်းတည့်ချိန် ရောက်ပြီ ဆိုရင်တော့ ငှက်ဖို၊ ငှက်မ မောင်နှံလည်း နှုတ်ဆက် လမ်းခွဲကြပြီပေါ့။ နောက်ထပ် သားပေါက်ရာသီချိန်ရောက်ရင် ကြင်ဖော်အသစ်နဲ့ ဖြစ်သွားကြပါပြီ။

ဟယ်လန် ဥပမာပေးတဲ့ နောက်သတ္တဝါတစ်မျိုးကတော့ မြေခွေးစုံတွဲပါ။ ဆောင်းရာသီ၊ အထူးသဖြင့် ဖေဖော်ဝါရီလဟာ သူတို့အဖို့ ကြင်ဖော်ရှာတဲ့ အချိန်ပေါ့။ မြေခွေးအမဟာ ကလေးတွေ သားပေါက်ပြီးချိန်မှာ အကောင်သေးလေးတွေကို နို့တိုက်ဖို့နဲ့ စောင့်ရှောက်ဖို့အတွက် သူတို့ဥ္စာနေလေးထဲမှာပဲ ကျန်ခဲ့ရပါတယ်။ အထီးကတော့ တစ်တောတိုးလို့ တစ်တောင်ကျော်ပြီး အစာရှာထွက်ရပြီပေါ့။ ကလေးတွေ လမ်းစလျှောက်နိုင်တဲ့အချိန်ကျရင်တော့ သူတို့ကြင်ဖော်နှစ်ဦး ပြတ်စဲကြပြီး ကိုယ့်လမ်း ကိုယ်လျှောက်ကြပါတယ်။ သတ္တဝါတိုင်းကို ပုံသေထားပြီး တွက်လို့မရပါဘူး။ မြေခွေးတွေနဲ့ မတူတဲ့ လူသားသဘာဝမှာတော့ အသိဉာဏ်ရယ်၊ ကျင့်ဝတ်ရယ်နဲ့ ထိန်းကြတော့ အိမ်ထောင်မြဲမြံတဲ့ သက်တမ်းဟာ တွက်ဆချက်ထက် ပိုကြာလေ့ရှိတယ်။ သက်ဆုံးတိုင် ခိုင်မြဲတာမျိုးလည်း ရှိရဲ့။

မျိုးဆက်ပွား မေထုန်မှီဝဲမှု ဆိုတဲ့ သဘောထက် ကျော်လွန်တဲ့ လူသားရဲ့ သံယောဇဉ်ကြိုးကျစ်တဲ့ ဖြစ်စဉ်ဟာ ဇီဝဗေဒနဲ့ သဘာဝတည်ဆောက်ချက်အရ ပြဋ္ဌာန်းထားတဲ့ လေးနှစ်ဆိုတဲ့ ကာလကို အကြီးအကျယ် မှားယွင်းစေတာပဲ။ ဒါပေမဲ့ ယောက်ျားနဲ့ မိန်းမအကြား မကြာခဏ ငြီးငွေ့တာတွေ၊ ကွာရှင်းပြတ်စဲလိုတာတွေတော့ ရှိနေတတ်ပါတယ် တဲ့။ ဒါတွေကို ဆွတ်ပျံ့ပြီး ရင်ခုန်စရာကောင်းတဲ့ ချစ်ခြင်းတရားတွေ ဖန်တီးပြီး ထိန်းထားနိုင်တဲ့ အကြောင်း ဟယ်လန်က ဆိုပါတယ်။ ဒီချစ်ခြင်းတရားဟာ နှစ်ဦးသား ထိမ်းမြားလက်ထပ်မှုနဲ့ ဆိုင်၊ မဆိုင်တော့ ဟယ်လန်က ထည့်မပြောထားပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မမှာတော့ လေးနှစ်ဆိုတဲ့ အချိန်ရယ်၊ ငြီးငွေ့မှု ဆိုတာရယ်၊ သစ္စာတရားနဲ့ အသိဉာဏ် ဆိုတာရယ်၊ မျိုးဆက်ပွားခြင်း ဆိုတာရယ်၊ အပြန်အလှန် တည်ဆောက်ကြတဲ့ ချစ်ခြင်းမေတ္တာ ဆိုတာတွေရယ်ကို တစ်လှည့်စီ တွေးရင်း ရှုပ်သလိုလို၊ ရှင်းသလိုလိုတွေ ဖြစ်နေပါတော့တယ်။ မင်းမြတ် အကြောင်းဟာ ခေါင်းထဲ ရောက်လာပြန်ပါရော။

ဒီလိုအချိန်မှာ သူ စိတ်ညစ်နေမလား၊ အထီးကျန်နေမလားလို့ တွေးမိပြန်တော့ စိတ်မကောင်းသလိုလို ဖြစ်မိသား။ ဒါကို သံယောဇဉ် အတောမသတ်သေးလို့ လို့ စွပ်စွဲလာရင်လည်း ကျွန်မ စောဒကတက်နေမှာ မဟုတ်ပါဘူး။ သူ့ကို သတ္တဝါတစ်ဦးအနေနဲ့ မေတ္တာထားနိုင်ပါသေးတယ်။ တစ်ခုတော့ ရှိတာပေါ့။ သမီးရည်းစား ဘဝတုန်းက ကျွန်မ အိပ်ရာဘေးက စားပွဲပေါ်မှာ တင်ထားဖူးတဲ့ သူနဲ့ နှစ်ယောက်တွဲ ရိုက်ထားတဲ့ ဓာတ်ပုံကိုတော့ သိမ်းထား လိုက်တာ ကြာပါပြီ။ အခုတော့ အဲဒီနေရာမှာ သေးသေးသွယ်သွယ် အဖြူရောင် ကြွေပန်းအိုးလေး နေရာယူလို့ပေါ့။ တစ်နေ့ ပန်းတစ်ပွင့်ပဲ ထိုးလေ့ရှိနေတာမို့ ကြွေပန်းအိုးလေးထဲမှာ ရှိနေတဲ့ မနေ့ကလက်ကျန် နှင်းဆီပန်း အဝါပွင့်လေးကတော့ နွမ်းဖျော့ဖျော့ ဖြစ်နေပါပြီ။

အဲဒီနေ့က မွန်းလွဲ တစ်နာရီထိုးကျမှ ကျွန်မ အလုပ်ရှိတာမို့ အိမ်ကနေ တစ်နာရီလောက် အချိန်စောပြီး ထွက်ဖို့ လိုလိမ့်မယ်လို့ ခရီးအကွာအဝေးနဲ့ ကြာချိန်ကို တွက်မိတယ်၊ ခုတစ်လော ရှန်းကြွတက်လာတဲ့ ပျင်းရိငြီးငွေ့စိတ်တွေကို ဖြတ်တောက်ပစ်ဖို့ ပြင်ပကမ္ဘာနဲ့ အဆက်အသွယ် ပြန်လုပ်ရဦးမှာ။ ပြောရရင် အဲဒီနေ့က ကျွန်မ လက်ခံထားတဲ့ အလုပ်ဟာ အဲဒီတစ်လအတွင်းမှာ ပထမဆုံး အလုပ်ပါပဲ။ နိုဝင်ဘာတစ်လလုံး ရှေ့က ၂၂ ရက်စလုံးမှာ ကျွန်မဟာ အိမ်မှာ အလုပ်လက်မဲ့ တစ်ယောက်အဖြစ် ငုတ်တုတ်ထိုင်ပြီး အကြောတွေ ဆိုင်းလုမတတ် ပျင်းရိနေခဲ့တာ။

ကိုကိုကြီးကတော့ ကျွန်မလိုမျိုး ပွဲတွေ၊ အခမ်းအနားတွေ၊ အစည်းအဝေးနဲ့ သင်တန်းတွေမှာ ဘာသာပြန် လုပ်နေကြတဲ့သူတွေကို ပုံမှန် အလုပ်မရှိတဲ့သူတွေမို့ ကျပန်းသမား၊ ဘောက်သမား ဒါမှမဟုတ် ဇာတ်ထဲက ချီကောက်သမားတွေလို့ နှိမ်ပြီး ပြောတတ်တယ်။ ခပ်သာသာပင့်ပြီး ဆိုရရင်တော့ အလွတ်တန်း အလုပ်လုပ်ကိုင်သူတွေပေါ့။ အမယ်... အတော်လည်း သဘောကျစရာကောင်းတဲ့ စကားလုံးပဲ။ ကိုယ့်စိတ်ပါမှ လုပ်တဲ့သူ၊ အလုပ်ရွေးချယ်ခွင့်က ကိုယ့်လက်ထဲမှာပဲ

mgyoe.com

mgyoe.com SAMPLE BOOK

ရှိတဲ့သူလို့ အမိပွာယ် ရပါတယ်။ ဒါပေမဲ့ တကယ်အလုပ်မရှိရင် မျှော်ရတာကိုတော့ ဘယ်သူ သိနိုင်မှာတဲ့လဲ။ ပြီးတော့ ကျွန်မမှာ ထောက်မ, ပေးနေရတဲ့ ကိုကိုလေး တို့ မိသားစုလည်း ရှိသေးတယ်။ အဲဒီမျက်နှာတွေကို ငဲ့ကြည့်ရသေးတယ်။ ထောက်ထားစရာ အဲဒီမျက်နှာတွေကို ပြန်လှည့်ကြည့်မိတိုင်း ကျွန်မကို ပတ်နှောင်ထားတဲ့ ချည်တိုင်က ကြိုးဟာ တင်းလာစမြဲပါပဲ။

❁ ❁ ❁

ကိုကိုလေး။

ကိုကိုလေးလို့ ဆိုလာပြန်တော့ မမမွန်ရဲ့ ဆွေးရီရီ မျက်ဝန်းတွေကို ဦးဆုံး မြင်မိတာပဲ။ နှုတ်ခမ်းမှာ ခိုတွဲနေတဲ့ သူ့အပြုံးဟာ လန်းဆန်းတယ်ရယ်လို့ မရှိဘူး။ ခပ်နွမ်းနွမ်းရယ်။ ပြီးရင် မကြာခဏဆိုသလို သက်ပြင်းလည်း ချတတ်သေးရဲ့။ သူ့ကို တစ်ခုခု ပြောလိုက်ရင် အသံတိတ်ပြီး ခေါင်းငုံ့သွားပြန်ရော။ အဲဒါဆိုရင် သူ အကြီးအကျယ် စဉ်းစားနေပြီလို့ ကျွန်မ နားလည်ထားလိုက်တယ်။

ဒါပေမဲ့ သူ့ဆီကနေ ဘယ်တုန်းကမှ သူ့ဆန္ဒဆိုပြီး စကားသံ ထွက်မလာဖူးဘူး။ "ဖြူ ကြိုက်သလို လုပ်လေကွယ်" ဆိုတာ သူ့လက်သုံးစကား။ မမမွန်ဟာ အင်မတန် စိတ်အားနည်းတဲ့ သူပဲ။ အစ်ကိုနဲ့စပ်မှ တော်ရတဲ့ ယောက်မဆိုပေမယ့် အစ်မရယ်လို့ မှီတွယ်စရာ မရှိတဲ့ ကျွန်မအတွက်တော့ သူဟာ ပင်ချင်းယှက်လို့ နွယ်ချင်းခက်ရတဲ့သူပါ။ သက်ရှိလောကမှာ ကိုကိုလေးအရိပ် မြူမှုန်မျှ မကျန်အောင် ပျောက်ဆုံးသွားပြီးတဲ့နောက်ပိုင်း ကျန်ရစ်ခဲ့တဲ့ မမမွန်တို့ သားအမိတွေရဲ့ ရှင်သန် ရပ်တည်ရေးဟာ ကျွန်မအပေါ်သာ လုံးလုံးမှီခိုတော့တယ်။

အစ်ကိုချင်း တူပေမယ့် ကိုကိုကြီးကတော့ ကျွန်မအတွက် လှေကြုံတူ ခရီးသွားမိတ်ဆွေ ဆိုတာထက် မပိုပါဘူး။ ငြူစူတတ်တဲ့ သူဆီကနေ ကျွန်မမှာ အမြဲ အပူအဟပ်ခံရတယ်။ အကြောင်းအရာ တစ်ခုမဟုတ် တစ်ခုကို ညည်းညူနေ၊ ဒါမှမဟုတ် ဒေါသတကြီး ဆဲဆိုနေတတ်တာကိုက သူ့သဘာဝ။ အဲဒီနေ့ကလည်း မနက်ကတည်းက ပျက်တဲ့မီးကို မကျေမချမ်း ရေရွတ်နေတော့တာ။ ကျွန်မမှာ သူနဲ့ မျက်နှာချင်း မဆိုင်မိအောင် ကြိုးစားနေရတာကိုက ဝန်ထုပ်ဝန်ပိုး တစ်ခုလို အတော်လေး ပင်ပန်းတယ်။

mgyoe.com

ထမင်းစားပွဲပေါ်မှာ တရွှေ့ရွှေ့စီတန်းနေတဲ့ ပုရွက်ဆိတ်တွေကို ကျွန်မက လေနဲ့မှုတ်ပြီး အဝေးကို နှင်နေတဲ့ အခါမျိုးမှာပဲဖြစ်ဖြစ်၊ ရေထဲကို ကျနေတဲ့ ပိုးကောင်လေးတွေကို ဆယ်ယူပြီး ရေနဲ့ဝေးရာကို ရွှေ့ပေးရင်ပဲဖြစ်ဖြစ်၊ ကိုကိုကြီး များ တွေ့မိရင် အလုပ်မဟုတ်တာကို အရေးအရာ လုပ်နေသေးတယ် ဆိုပြီး ကျွန်မ ကို ကြိမ်းလား၊ မောင်းလားနဲ့။ ကိုကိုကြီးဟာ အသေးအမွှားကအစ အပြစ်ဆို တတ်တဲ့သူပဲ။ ကျွန်မတို့ မောင်နှမဟာ အဲဒီလို စိတ်နေချင်း၊ စရိုက်ချင်း ကွာခြား ကြပါတယ်။ တစ်ခြံတည်းမှာ ဒီမြေဆီမြေနှစ်နဲ့ ဒီရေကိုပဲ အတူတူ သောက်သုံး ပြီး ကြီးပြင်းခဲ့ရတယ် ဆိုပေမယ့် သူက တမာပင်၊ ကျွန်မတို့က သရက်ပင်ပေါ့။ ကိုကိုလေး ရှိစဉ်တုန်းက ကျွန်မတို့ မောင်နှမနှစ်ယောက် ကိုကိုကြီး အကြောင်းကို အဲဒီလို ဟာသလုပ်ပြီး ပြောတတ်ကြတယ်။

ထုံးစံအတိုင်း ကိုကိုကြီးရဲ့မီးပျက်ခြင်း ဆဲရေးငိုကာကို ကြာကြာ နားသောတ မဆင်ချင်တာနဲ့ပဲ အဲဒီနေ့က အလုပ်အတွက် ချိန်းထားတဲ့ နေရာဆီ ခပ်သုတ်သုတ် ထွက်လာခဲ့လိုက်တယ်။ အရေးထဲ ပိုက်ဆံအိတ် မေ့ကျန်နေရစ်လို့ လမ်းထိပ် ရောက်တော့မှ ကားပြန်လှည့်ပြီး ယူရသေးတယ်။ ကျွန်မဟာ အမြဲတမ်း လိုလို လျှပ်ပြာပြာနိုင်သူပါ။

ကိုကိုကြီးနဲ့ မျက်နှာချင်း မဆိုင်ချင်လို့သာ ထွက်လာလိုက်ရတယ်။ အချိန်က စောနေတာနဲ့ ကျွန်မလည်း ကန်တော်ကြီးဘက်နဲ့ ပြည်လမ်းဘက်ကို ကားပတ်မောင်းရင်း အချိန် ဖြုန်းနေလိုက်တယ်။ ဖြစ်ချင်တော့ အစိုးမရတဲ့ ရာသီဥတု ဟာ မျက်လှည့်ပြတော့တာပဲ။ တိမ်စိုင် တိမ်လိပ်တွေ ချက်ချင်း သိပ်သည်းလာလိုက် တာများ ဝန်းကျင်တစ်ခုလုံး တရိပ်ရိပ် မှိုင်းငွေ့ သမ်းလာတယ်။ ညိုအုံ့အုံ့ မိုးသား တွေကြားမှာ တစ်ချက်တစ်ချက်သာ လှစ်ခနဲတွေ့ရတဲ့ နေပွင့်ကလည်း ညှိုးနွမ်း ပြီရယ်။

ဒါနဲ့ ကားထဲက လေအေးစက်ကို ပိတ်ပြီး တံခါးမှန်ချလိုက်တော့ ပြင်ပက ညှံ့သက်တဲ့ လေအေးကို ထိတွေ့မိပါတယ်။ အညှာမခိုင်တဲ့ ခပ်ရော်ရော် သစ်ရွက် သေးသေးလေးတွေဟာ တစ်ချီတစ်ချီ လေအဝှေ့မှာ အပင်ပေါ်ကနေ ကြွေချလိုက် တဲ့အတိုင်း ကျွန်မကားပေါ်ကို အဆုပ်လိုက် ဖွာခနဲ ဖွာခနဲ ကျလာပါသေးတယ်။ အခနီရောင် ဝင်းစပြုနေတဲ့ ဗာဒံရွက်တွေတောင် ရောယောင် ကြွေတော့မလိုပါပဲ။ ဒါတွေကို မြင်တော့ အခါလွန်မိုးများ ရွာလေမလား ဆိုပြီး စိုးထိတ်မိရဲ့။

mgyoe.com

အချိန်လွန်မှ သွန်တဲ့ မိုးဟာ တကယ်ပဲ သည်းတတ်ပါတယ်။ မိုးရိပ်တွေ ညို့လာတာကို မြင်တော့ ငယ်ငယ်တုန်းက အဖြစ်အပျက်တစ်ခုဟာ ကျွန်မ အတွေးအိမ်နံရံကို တခေါက်ခေါက်နဲ့ လှမ်းခေါက်ပြန်တယ်။ အဲဒါ အမေနဲ့ ပတ်သက် လို့ပေါ့။ မိသားစု စုံစုံညီညီရှိခဲ့တဲ့ အချိန်တုန်းကလို့ ဆိုရမှာပါ။

အမေက အသက် ၄၀ ကျော်လောက်၊ ကျွန်မတို့ မောင်နှမတွေက ငါးနှစ်စီ ခြားကြတာမို့၊ ကိုကိုကြီးက ၁၄ နှစ်၊ ကိုကိုလေးက ကိုးနှစ်၊ ကျွန်မက တော့ လေးနှစ်ရှိပြီ။ အသက်လေးနှစ် ဆိုတာ အဖြစ်အပျက် အလုံးစုံကို အကုန်အစင် မှတ်မိတတ်တဲ့ အရွယ်တော့ မဟုတ်သေးဘူး။ ဒါပေမဲ့ ထောပတ် ခြံထဲကအပြန် မိုးသည်းခဲ့တဲ့ ဒီဇင်ဘာရဲ့ တစ်ခုသော ညနေစောင်းကိုတော့ အမြဲလိုလို ပြန်အမှတ်ရနေမိတယ်။ ဒါကလည်း ကျွန်မရဲ့ အစ်ကိုနှစ်ယောက်က ခဏခဏပြောပြ၊ အတိတ်ကို တူးဆွပြတတ်လို့လည်း ဖြစ်မှာပါ။

လေနဲ့အတူ ပြေးသွားတဲ့ အတွေးထဲမှာ ဒီဇင်ဘာကျောင်းပိတ်ရက်ဆိုတဲ့ အမှတ်သညာ တစ်ခု ပေါ်လာပါတယ်။ ကျောင်းအားရက်မို့ အဖေနဲ့ အမေက ကျွန်မတို့ မောင်နှမတစ်သိုက်လုံးကို ခေါ်ပြီး အမေ့ဇာတိဖြစ်တဲ့ ရှမ်းပြည်ကို အလည်ထွက်ခဲ့ကြတယ်။ သစ်ရွက်တွေဆီကနေ အလင်းပြန်တဲ့ သဘာဝ အရောင် အဆင်းနဲ့ အပွင့်ခပ်နုပ်နုပ် တောပန်းလေးတွေ ပေါင်းစု သိုင်းခြုံထားတဲ့ ရွာကလေး ဆီကိုပေါ့။ အမေ့ရဲ့ရွာလေးနဲ့ ပတ်သက်ရင် ရွာနောက်ဘက်က သေးသေး သွယ်သွယ် ချောင်းရိုးလေးထဲမှာ ငွေရောင် ငါးသေးသေးလေးတွေ တလက်လက် ကူးခပ်နေတတ်တာ၊ ရွာလည်သွားပြီး အိမ်ပြန်ရောက်ရင် ဖိနပ်မှာ ကပ်နေတဲ့ အနီရောင်မြေမှုန့်တွေကို တအံ့တဩ ဖြစ်ခဲ့ရတာ နေရှိရာအရပ်ကို မျက်နှာမူပြီး ပွင့်ကြတဲ့နေကြာပန်းတွေကိုတမေ့တမော လိုက်ငေးကြည့်ခဲ့ရတာတွေကိုမှတ်မှတ် ထင်ထင် ဖြစ်မိပါတယ်။ ဆောင်းတွင်းကြီး မိုးရွာတာကိုလည်း အဲဒီတော့မှ ကြုံဖူး တော့တာ။

ထစ်ချုန်းမိုးနဲ့ကြုံခဲ့ရတာက ရွာနဲ့ တစ်မိုင်လောက်ဝေးတဲ့ အဘိုးတို့ရဲ့ ထောပတ်ခြံကြီးဆီ အလည်သွားတဲ့ နေ့မှာပေ့ါ။ အဲဒါ ကျွန်မတို့ မပြန်ခင် ၄ ရက် လောက်ကလို့ အစ်ကိုနှစ်ယောက်က ပြောတာပဲ၊ ကျွန်မတော့ အဲဒီလောက် အသေး စိတ် မမှတ်မိပါဘူး။ ခြံထဲကနေ ရလာတဲ့ ထောပတ်သီးတွေကို မောင်နှမတစ်တွေ မနိုင်မနင်းသယ်ပြီး အပျော်ကြီး ပျော်ခဲ့ကြတယ်၊ ဒီကလေးတွေ တော်တော် လောဘကြီး တယ်လို့တောင် အဘိုးက ပြောသေးတယ်။ အလာတုန်းကလိုပဲ အပြန်မှာလည်း

mgyoe.com

m g y o e . c o m


မြေနီတွေ ခင်းထားတဲ့ တောင်စောင်းတစ်လျှောက် လမ်းကလေးပေါ်မှာ နားလိုက်၊ ဆက်လျှောက်လိုက်နဲ့ သီချင်းတွေ တကြော်ကြော် အော်ဆိုပြီး ပြန်ခဲ့ကြပါတယ်။

ဖြစ်ချင်တော့ ရွာကိုလည်း မရောက်သေး၊ အဘိုးရဲ့ ခြံနဲ့လည်း လှမ်းလာပြီ ဆိုတဲ့ အချိန်ကျမှ မိုးသားမည်းမည်းတွေ ရုတ်တရက် အိကျလာပြီး မိုးစက်တွေရော မိုးသီးတွေပါ ကောင်းကင်ကနေ မှောက်ချလိုက်သလို တဝုန်းဝုန်း ပြုတ်ကျလာကြတယ်။ ဘေးပတ်ဝန်းကျင် တစ်ခုလုံးလည်း မှိုင်းစိုလို့၊ တောထဲရောက်နေတုန်းမှာ ကြားရတဲ့ မိုးခြိမ်းသံဟာ နှစ်ဖက်အပြန်အလှန် ပစ်ခတ်နေတဲ့ စစ်ပွဲကြားထဲရောက်ရသလိုပဲ၊ ဘယ်နေရာမှာ ဘယ်လိုပုန်းခိုရမှန်း မသိလောက်အောင် အသည်းထိတ်စရာကောင်းလှတယ်။ ကျွန်မနဲ့ ကိုကိုလေးကတော့ ပြိုင်တူငိုကြတာပဲ။

ကံကောင်းချင်တော့ တောင်ခါးပန်းတစ်နေရာမှာ လူနေ စွန့်ခွာသွားတဲ့ တဲအိမ်ငယ်လေးတစ်ခုကို တွေ့လိုက်တယ်။ အမေဟာ သားသမီး သုံးယောက်စလုံးကို လက်ဆွဲပြီး တဲဆီ တွန်းပြေးတော့တာ။ တဲထဲမှာ အချိန်တော်တော်လေး ကြာခဲ့တယ်။ မှောင်ကလည်း မှောင်၊ ဖားအော်သံနဲ့ အကောင်မျိုးစုံ အော်သံတွေဟာ ဟိုနားက ထွက်လာ၊ ဒီနားက ထွက်လာနဲ့ပေါ့။ မိုးစဲပြီးလို့ အဖေနဲ့ ရွာလူကြီးတချို့ လာရှာကြတဲ့ အချိန်အထိ ကျွန်မတို့ သားအမိတစ်တွေ အဲဒီတဲထဲမှာပဲ ခိုအောင်းခဲ့ကြပါတယ်။ လျှပ်စီးတစ်ချက် ပြက်တိုင်း ကြောက်အား ပိုကြတဲ့ သားသမီး သုံးယောက်စလုံးကို အမေက ဖက်ပေးထားခဲ့တယ်။ မကြောက်နဲ့၊ အမေ ရှိတယ်လို့ အားပေးလေ ကျွန်မတို့ကလည်း အမေ့အနားကို ပိုတိုးကပ်ခဲ့လေပဲ။

နောင်တစ်ချိန်မှာ ကိုကိုကြီးနဲ့ ကိုကိုလေးဟာ အမေ့ရင်ငွေ့ကို တမ်းတတဲ့ အကြောင်း ပြောကြရင် မိုးမှောင်ကျတဲ့ နေ့က အကြောင်းဟာ မပါမဖြစ်ပေါ့။ စိတ်သိပ်ခက်ထန်တဲ့ ကိုကိုကြီးတစ်ယောက် ဒေါသတွေ ကြီးနေပြီဆိုရင် အမေဟာ သူ့သားကြီး ခေါင်းက ဆံပင်တွေကို ဖွဖွပွတ်ပေးပြီး "စိတ်လျှော့မှပေါ့ သားရယ်" လို့ တစ်ခွန်းပြောလိုက်တာနဲ့ ကိုကိုကြီးဟာ နာဋ္ဌာဂီရိဆင် မာန်ကျိုးသလို ဝပ်ဆင်းသွားတော့တာပဲ။ ကိုကိုလေးလည်း သူ ဆုံးခါနီးတုန်းက မမွှန် လက်ကို ကိုင်ပြီး "အမေ... အမေ" လို့ ကယောင်ကတမ်း မြည်တမ်းခဲ့သေးတာ။ ဒါတွေကို ပြန်စဉ်းစားမိတော့ ဒီညနေ အလုပ်ပြီးရင် မင်းမြတ်ဆီ သွားမယ်လို့ တေးထားတဲ့ စိတ်ကူးအတွက် နောင်တမရဖြစ်တော့ဘူး။ သူလည်း သူ့အမေအတွက် ဒီလို အချိန်မှာ သောကပွေနေမှာပဲလေ။

❁ ❁ ❁

m g y o e . c o m

mgyoe.com

အဲဒီနေ့က ကျွန်မရောက်သွားတဲ့အချိန်က ပွဲစဖို့ နာရီဝက်အလိုမှာပါ။ ကြီးလှတဲ့ ဆွေးနွေးပွဲတော့ မဟုတ်ဘူး။ နည်းနည်းနဲ့ ကျဲကျဲဝိုင်းတဲ့ ပွဲဆိုပါတော့။ တက်ရောက်မယ့် သူ ၅၀ ကျော်လောက်ပဲ ရှိမယ်လို့ ကျွန်မကို ဘာသာပြန်ပေးဖို့ ကမ်းလှမ်းတုန်းက ပွဲစီစဉ်သူက ပြောထားတယ်။ ကျွန်မအဖို့ သိပ်စိတ်ဖိအားများစရာ မလိုတော့ဘူးပေ့ါ။ ပွဲလုပ်တဲ့ ဟိုတယ်ခန်းမထဲကို ရောက်ရောက်ချင်းပဲ ဦးဆောင်တဲ့ အဖွဲ့အစည်းက စီမံခန့်ခွဲသူ တစ်ဦးက လာပြော ပါတယ်။ "တစ်လှည့်စီ ဘာသာပြန်ကြမှာ ဆိုတော့ translation device (ဘာသာ ပြန်စက်) တွေ မထားပေးထားဘူးနော် အစ်မ" တဲ့။ အဆင်ပြေတဲ့အကြောင်း ကျွန်မ ခေါင်းညိတ်ပြလိုက်တယ်။

အဲဒီပွဲက အမေရိကန်နိုင်ငံ၊ ဘာကလေတက္ကသိုလ်၊ လူမှုသိပ္ပံဌာနက ပါမောက္ခဒေါက်တာပေါလ်မာတင်ရဲ့ သုတေသနတွေ့ရှိချက်ကို အစီရင်ခံ တင်ပြတဲ့ ပွဲပါ။ ဒေါက်တာပေါလ်မာတင်က ရွှေ့ပြောင်းနေထိုင်သူတွေအကြောင်း အဓိက လေ့လာပါတယ်။ လတ်တလော သူ သုတေသနပြုခဲ့တဲ့ အကြောင်းအရာက အာရှနိုင်ငံတွေဆီက နိုင်ငံရေးခိုလှုံခွင့် ယူထားသူတွေနဲ့ ပဋိပက္ခဘေးဒဏ် ရှောင်ပြေး ခိုလှုံသူတွေ အကြောင်းပေ့ါ။ မလေးရှားရယ်၊ ထိုင်းရယ်၊ အိန္ဒိယရယ်ကို သွားပြီး မြန်မာနိုင်ငံကနေ ထွက်ခွာခဲ့တဲ့ သူတွေ အကြောင်းကိုလည်း ကဏ္ဍတစ်ခု အနေနဲ့ သူ ထည့်ပြီး လေ့လာခဲ့သေးတယ်။

ပွဲမှာ ဒေါက်တာပေါလ်က တစ်နာရီခွဲလောက် သူ့တွေ့ရှိချက်အကြောင်း ပြောမယ်။ ကျန်တဲ့ တစ်နာရီခွဲက ပရိသတ်နဲ့ အပြန်အလှန်ဆွေးနွေးခန်းပေ့ါ။ ပြီးရင် လက်ဖက်ရည်သောက် နားဖို့ အလှည့်ပေးပြီး ပွဲကို အဆုံးသတ်မှာပါ။ တောက်လျှောက် ဘာသာပြန်ရမှာမျိုး မဟုတ်ဘဲ ပေါလ်က ပြောလိုက်၊ ကျွန်မက စောင့်ပြီး ဘာသာပြန်လိုက် လုပ်ရမှာပါ။ တောက်လျှောက် ပြောနေစရာ မလိုတော့ အဲဒီနေ့က စိတ်ပေ့ါပါးနေခဲ့ပါတယ်။ ဒီမတိုင်မီ ပေါလ်ရဲ့ သုတေသန စာတမ်းအကြမ်းကို ကျွန်မ ကြိုဖတ်ထားပြီးပြီ။ အကြောင်းအရာ အပေါ်မှာလည်း စောကြောမိပြီး သားမို့ အရာရာ အဆင်ချောလို့ပဲ။

ပေါလ်က ပြောင်းရွှေ့ခိုလှုံသူတွေရဲ့ နောက်ခံအကြောင်းတရားတွေကို ပထမဆုံး ရှင်းပြပါတယ်။ တကယ်တော့ တစ်နေရာကနေ တစ်နေရာ ရွှေ့ပြောင်း သွားလာနေထိုင်ကြတယ်ဆိုတာ ကမ္ဘာဦးကတည်းက လူသားတွေ လုပ်လာခဲ့ကြ တာပဲ မဟုတ်လား။ ဟိုအရင်တုန်းကတော့ ရာသီဥတုနဲ့ အစာရေစာ ရနိုင်တဲ့ အပေါ် မူတည်ပြီး ပြောင်းရွှေ့ခဲ့ကြတာပေ့ါ။ နောက်တော့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး

mgyoe.com

m.gyvoe.com SAMPLE BOOK

အကြောင်းအမျိုးမျိုးကြောင့်ပေါ့လေ။

ပြီးတော့ ပေါလ်က စခန်းမှာ သူတို့ ဘယ်လို နေထိုင်ရတယ်။ ဘယ်လို လုပ်ကိုင် စားသောက်ရတယ်ဆိုတဲ့ အကြောင်းတွေ ဆက်ပြောတယ်။ အဲဒီ နောက်မှာတော့ ဖွံ့ဖြိုးပြီးသားနိုင်ငံတွေကို ရွှေ့ပြောင်းသွားကြတဲ့ အကြောင်းပါ။ တိုးတက်တဲ့နိုင်ငံတွေဆီ ရောက်သွားပေမယ့် သူတို့ရဲ့ ဒုက္ခတွေက မဆုံးနိုင်သေးဘူး။ စိတ်ပိုင်းဆိုင်ရာ မလုံခြုံတာတွေ၊ အလုပ်အကိုင်အဆင်မပြေတာတွေ၊ ခွဲခြားဆက်ဆံခံရတာတွေ... ကြုံရတဲ့ ပြဿနာကမျိုးစုံပါပဲ။ ဒီအကြောင်းတွေကို သိရတော့ ကျွန်မမှာကြားကနေ ရင်မောနေမိတယ်။ ပေါလ်က ဒါတွေကို ရှင်းပြတဲ့အခါ လေသံ အေးအေးနဲ့ပဲ ပြောပါတယ်။ အဲဒါ သူ့ပုံစံပဲ ထင်ပါရဲ့။ ပြီးတော့ အင်မတန်တိုတောင်းတဲ့ဝါကျတွေကိုပဲသုံးပြီးပြောတော့နားလည်ရမခက်ပါဘူး။

ပွဲကို လာကြတဲ့သူ အများစုက ရွှေ့ပြောင်းနေထိုင်သူများ အရေးအတွက် ဆောင်ရွက်ပေးတဲ့ဒေသဆိုင်ရာလူမှုအဖွဲ့အစည်းတွေ ပေါ့။ ပေါလ်ပြောတာတွေက စိတ်ဝင်စားစရာ ကောင်းပေမယ့် နေ့ခင်း ထမင်းစားပြီးခါစ အချိန်ဆိုတော့ သူ့လေသံပျော့ပျော့အေးအေးဟာ ချော့သိပ်နေသလိုပဲရယ်၊ ဒါပေမဲ့ တက်ရောက်သူတွေ အားပြုပြီး နားထောင်တာက ဘာသာပြန်ဆိုချက်ကိုပဲ ဆိုတော့ ဘာသာပြန်ပေးတဲ့ ကျွန်မဟာ လေသံကို မြှင့်ပြီး ပြောရတော့တာပဲ။

အဲဒီအချိန်မှာ ကျွန်မစိတ်ထဲ အလိုလို သိနေတာ တစ်ခုတော့ ရှိတယ်။ အာရုံစေ့ဆော်မှုလို့ ဆိုမလားပဲ။ အခန်းရဲ့ ညာဘက်စွန်းက ရှေ့ဆုံးစားပွဲဝိုင်းမှာ ထိုင်နေတဲ့ သူပေါ့။ သူက နံရံနဲ့ကပ်နေတဲ့ ထိုင်ခုံမှာ ထိုင်နေတာပါ။ အဲဒီလူက ကျွန်မကို စူးစူးစိုက်စိုက် ကြည့်နေပါတယ်။ ကျွန်မကတော့ စကားပြောရင် ပရိသတ်နဲ့ မျက်လုံးချင်းဆိုင် ဖြစ်တာချည်းပဲ။ သူ့ဘက်ကို မျက်စိဝဲမိရင်တော့ သူများနဲ့ မတူတဲ့ သူ့အကြည့်ကို သတိထားမိတယ်။ ပြုံးပြုံးကြီးနဲ့ကို ကျွန်မကို ကြည့်နေတာ။ တကယ်ဆို ဘာပြုံးစရာ ရှိလဲနော်။ ကျွန်မ ဘာသာပြန်တာမှာရော၊ ပြောကြတဲ့ အကြောင်းအရာမှာပါ ဘာပြုံးစရာ ကိစ္စမှ မပါဘူး။ သူ့ကြည့်ရတာ စိတ်နဲ့ လူနဲ့ ကပ်ကော ကပ်ရဲ့လား မသိ။ လူရည်ကတော့ ခပ်သန့်သန့်ပဲ။ လူချော တစ်ယောက်လို့တောင် ပြောလို့ ရပါတယ်။

ကျွန်မဟာ ဖိနင်းလိုက်တိုင်း ခြေဖဝါး မြုပ်ဝင်သွားမတတ် အိစက်နေတဲ့ ကော်ဇောပေါ်မှာ ခြေလှမ်းမမှားအောင် သတိနဲ့ ထိန်းနေရတယ်။ လေအေးစက် တပ်ထားတဲ့ အခန်းဟာ ကျွန်မအဖို့ ပိုအေးသလိုပဲ။ နွေးလာမလား ဆိုပြီး

mgoe.com

SAMPLE BOOK


လက်ဖဝါးနှစ်ဖက်ကိုလည်း ဆုပ်ခြေလိုခြေပေ့ါ။ မျက်နှာကြက်ပေါ်က မီးဆိုင်းကြီးတွေဆီကနေ ဖြာကျလာတဲ့ အလင်းရောင်ကိုလည်း တစ်ဆိတ်စူးဝင်းလွန်းလှချည့်လို့ ထင်မိပါတယ်။ ကျွန်မ စိတ်လှုပ်ရှားနေတာ သိသာနေမလားပဲ။ ကျွန်မက ဆယ်ကျော်သက် ကလေးမလေးလည်း မဟုတ်၊ ညှော်ပရိသတ်နဲ့ မထိတွေ့ဖူးတဲ့သူလည်း မဟုတ်။ အသေအချာ ပြောနိုင်တာက ဒီလိုဂနာမငြိမ်ဖြစ်နေတာက ရှက်တဲ့စိတ်ကြောင့် ဖြစ်တာ မဟုတ်ဘူး။ စိတ်မလုံခြုံမိတာတော့ အမှန်ပဲ။ ကျွန်မများ တစ်ခုခု လွဲချော်နေသလား ဆိုတဲ့ အတွေးနဲ့ပါ။ ကျွန်မဆိုသည်ကလည်း ခဏတိုင်းဆိုသလို တလွဲတချော် ဖြစ်လေ့ ရှိတဲ့သူကိုး။

ပရိသတ်တွေ ဆွေးနွေးရမယ့် အလှည့်ရောက်ဘော့ တက်လာတဲ့ မေးခွန်းတွေက အများသား။ နောက်ဆုံးကျမှ မေးတဲ့ မေးခွန်းတစ်ခုကတော့ အတော်လေး တွေးစရာပါတယ်။ မေးတဲ့သူက ဒီပွဲကို စိတ်ဝင်စားလို့ ရောက်လာတဲ့ ကျောင်းသားလူငယ်တစ်ယောက်ပါ။ သူက ခိုလှုံခွင့်နဲ့ တစ်ဘက်နိုင်ငံကို ထွက်ပြေးသွားသူတွေဟာ ပြန်လာဖို့ အစီအစဉ် မရှိကြဘူးလားလို့ မေးပါတယ်။ သူ့မေးခွန်းမှာ မချိတင်ကဲ ဖြစ်တဲ့ လေသံလေး စွက်နေတာကို သတိထားလိုက်မိတယ်။ ထပ်ပြောသေးတယ်။ ပြောင်းရွှေ့သွားသူတွေက တခြားနိုင်ငံမှာ ကောင်းစားနေတယ် မဟုတ်ဘူးလားတဲ့။

ပေါလ်ကတော့ မြန်မာနိုင်ငံဘက်ကို ပြန်လာရင်လည်း သူတို့မှာ နေစရာနဲ့ လုပ်ကိုင် စားသောက်စရာ မရှိတော့တဲ့ အကြောင်းရယ်၊ ပြီးတော့ ကလေးတွေရှိရင် သူတို့ဒေသမှာ ကျောင်းပြန်တက်ရတာ အဆင်မပြေတဲ့ အကြောင်းရယ် အဓိက ပြောပါတယ်။ သူများနိုင်ငံမှာ ခိုလှုံခွင့်နဲ့ နေတိုင်းလည်း လူတိုင်း အဆင်ပြေနေတာ မဟုတ်ပါဘူး။ စခန်းမှာ စိတ်ကျရောဂါ ခံစားနေရတဲ့သူ တော်တော်များများရှိတဲ့ အကြောင်းနဲ့ ဖွံ့ဖြိုးပြီးသား နိုင်ငံတွေကို ရွှေ့ပြောင်းခွင့်ရဖို့ ကလည်း ထင်သလောက် လွယ်ကူတာ မဟုတ်လေတော့ ကြားထဲက အကြဲအဖန် ပွဲစားတွေကြောင့် ဒုက္ခရောက်ရတဲ့ အကြောင်းတွေပါ ရှင်းပြပါသေးတယ်။ သူတို့လိုပဲ မေးခွန်းတစ်ခုဟာ ကျွန်မနှုတ်ဖျားပေါ်မှာ ရွရွပြေးနေတယ်။ ကျွန်မ သိပ်သိချင်တဲ့ ကိစ္စပါ။ မနေနိုင်တဲ့အဆုံး ပါမောက္ခပေါလ်ကို ဘာသာပြန်သူ အနေနဲ့ မဟုတ်ဘဲ တက်ရောက်သူအနေနဲ့ မေးမြန်းခွင့်ပေးဖို့ ခွင့်တောင်း လိုက်ပါတယ်။

mgoe.com

m g y o e . c o m
SAMPLE BOOK


ပေါလ်က မေးလေလို့ ကျွန်မကို လမ်းဖွင့်ပေးတယ်။ ကျွန်မမေးခွန်းက အမျိုးသမီးတွေအတွက် ကိုယ်စားပြု မေးခဲ့တယ်လို့ ဆိုနိုင်မလားပဲ။

"ရွှေ့ပြောင်းခိုလှုံကြသူတွေထဲမှာ တခြားသူတွေနဲ့ မတူဘဲ အမျိုးသမီးတွေသာ သီးသန့်တွေ့ကြုံရတဲ့ အဖြစ်အပျက်မျိုး ရှိသလား"

မေးတုန်းကတော့ ကျွန်မ သူငယ်ချင်းမလေး အက်စ်မာရက်ကို သတိရတဲ့ စိတ်နဲ့ မေးလိုက်တာပါ။ ဆိုတော့... လိင်ကျွန်အဖြစ် လူကုန်ကူးခံရခြင်းနဲ့ ဖွံ့ဖြိုးပြီးသားနိုင်ငံတစ်ခုကို မြန်မြန်ရောက်ဖို့ အဲဒီနိုင်ငံသားနဲ့ လက်ထပ်ထိမ်းမြားလိုက်ရတာမျိုးတွေဟာ အမျိုးသမီးတွေ ပိုပြီး ရင်ဆိုင်ကြုံတွေ့ရတဲ့ အကြောင်းအရာတွေပေါ့လို့ ပေါလ်က ဖြေပါတယ်။

သတိရတယ် အက်စ်မာရက်ရေ... သတိရတယ်။ နင်ပြောသလို အတိအကျပါပဲလား။ ပေါလ်ရဲ့ စကားဆုံးတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့ အက်စ်မာရက်၊ သူ့နောက်ကြောင်းကို ပြန်တူးဆွရတိုင်းမှာ စီးကရက် လေး၊ ငါးချက် ဆက်တိုက်ဖွာပြီးမှ စကားဆက်တတ်တဲ့ အက်စ်မာရက်၊ ပင်လယ်လှိုင်းသံကို ဂီတသံလို ခံစားတတ်တဲ့ အက်စ်မာရက်၊ ဒါပေမဲ့လေ... ပင်လယ်ထဲမှာ ဘဝဆုံးခဲ့ရတဲ့ သူတွေ ရှိတယ် သိလားလို့ မျက်ရည်တစ်စက် မကျဘဲ ရှိုက်ရှိုက်ပြီးသာ ပြောတတ်တဲ့ အက်စ်မာရက်ကို ချက်ချင်းပဲ မြင်ယောင်မိသွားတယ်။

အကျဉ်းရုံးပြောရရင် အဲဒီနေ့က ပွဲဟာ အဆင်ပြေပြေနဲ့ပဲ ပြီးသွားပါတယ်။ ကျွန်မမှာတော့ မောပြီး ကျန်ရစ်ခဲ့တယ်။ ပေါလ် ပြောတဲ့ အကြောင်းအရာတွေကြောင့်ရော၊ သုံးနာရီနီးပါး မတ်တတ်ရပ်ရင်း အာရုံတစ်ချက် မလွှင့်ဘဲ စကားလုံးတိုင်းကို သတိထား နားထောင်ပြီး စိတ်ကို မနားတမ်း ခိုင်းမိတာရောကြောင့်ပါ။ တကယ် ပြီးသွားပြီ ဆိုတော့မှ စိတ်ကို လျှော့ချလိုက်တော့တယ်။

ပွဲပြီးတော့ ပေါလ်နဲ့ ကျွန်မ လက်ဖက်ရည်သောက်နေတုန်း ကျွန်မကို စူးစိုက်ကြည့်နေခဲ့သူ ကိုယ်တော်ချောဟာ အနားကို ရောက်လာခဲ့ပါတယ်။ ကျွန်မတို့ စားပွဲဝိုင်းဆီ တန်းတန်းမတ်မတ် လျှောက်လာတာကို စားသောက်ခန်းမထဲ သူ စဝင်လာကတည်းက တွေ့နေသားပဲဟာ။ ကျွန်မက ဝင်ပေါက်ဘက်ကို မျက်နှာမူပြီး ထိုင်နေတဲ့သူ မဟုတ်လား။ သူဟာ ဘောင်းဘီအိတ်ကပ်ထဲကို လက်နှစ်ဖက်ထည့်ပြီး အေးအေးဆေးဆေး လျှောက်လာတာ။ ကျွန်မတို့ဆီကို ဦးတည်ပြီး လာနေတယ် ဆိုတာ ပိုပြီး သေချာလာတော့ အနားနီးလာတဲ့ အချိန်မှာ

m g y o e . c o m

mgyoe.com

မမြင်ချင်ယောင်ဆောင်ပြီး ကော်ဖီငုံသောက် နေလိုက်တယ်။ ကျွန်မရဲ့ စိတ်ဟာ အဲဒီအချိန်မှာကတည်းက ဘာလို့ ရှင်းရှင်းဖြောင့်ဖြောင့် ဖြစ်မနေခဲ့ရတာပါလိမ့်။ ဆန်းတော့ အဆန်းသားပဲ။

ကျွန်မတို့ စားပွဲဝိုင်းနားကို သူ ရောက်လာတော့ ပေါလ်က "ဟေး... အောင်" လို့ လှမ်းနှုတ်ဆက်လိုက်တယ်။ ပြီးတော့ ကျွန်မ ဘက်ကို လှည့်ပြီး "မင်းကို မိတ်ဆက်ပေးရဦးမယ်" လို့ ပြောပြောဆိုဆို "သူက အောင် လေ၊ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ လေ့လာရေးခရီးစဉ်က သူ့ကြောင့် အားလုံး အဆင်ပြေ ချောမွေ့ခဲ့တာ၊ သူက အခု ဆန်ဖရန်စစ္စကိုရုံးက ဝန်ထမ်းပေါ့" ဆိုပြီး စကား ပျိုးပေးပါတယ်။ အဲဒီတစ်ယောက်က ခုံတစ်လုံးကို ဆွဲယူပြီး ထိုင်လိုက်ရင်းကနေ "ကျွန်တော် အောင်အောင်ပါ မဖြူ" လို့ နှုတ်ဆက်တယ်။ ကျွန်မနာမည်ကိုတော့ ပွဲအစမှာ မိတ်ဆက်တုန်းက သူ သိထားပြီးသားနေမှာပေါ့။

သူ့ဘက်ကတော့ ရှိုတို့ရှန့်တန့် ဖြစ်တာ မရှိပါဘူး။ "ခင်ဗျားက ဘာသာ ပြန် အတော်ကျွမ်းကျင်တာပဲ... ကျွန်တော် သဘောကျလို့ တောက်လျှောက် ကြည့်နေခဲ့တာ" လို့ ပွင့်ပွင့်လင်းလင်း ပြောပါတယ်။ ပြောပုံက အတော်လေး အေးအေးသက်သာ ရှိလှပါတယ်။ ကိုယ့်ဘာသာ မလုံမလဲ ဖြစ်မိတာကိုတောင် အားနာမိပါရဲ့။

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်"

အစောတုန်းကလိုပဲ အောင်အောင် ဆိုသူကတော့ ကျွန်မကို ပြုံးပြီး ကြည့်နေဆဲပါပဲ။ သူဟာ မျက်ဝန်းမှာ အလင်းထည့်ပြီး ပြုံးတတ်တဲ့ သူပါ။

ပြတင်းတံခါးဟာ အပြင်က လေတိုးသံကြောင့် တဒိတ်ဒိတ်မြည်နေတယ်။ မိုးခြိမ်းသံဟာလည်း ကြားကောင်းရုံ ခြိုးခြိမ့်ခြိုးခြိမ့်ပဲ။ ဘဝတစ်သက်တာရဲ့ တစ်ခဏသော အဖွင့်ဇာတ်ဝင်ခန်းလို့ ဆိုပါတော့။ ပြောရရင် ကျွန်မတို့ နှစ်ယောက်ဟာ မြစ်ရေစီးကြောင်းထဲမှာ မျောပါလာကြတဲ့ ကြွေရွက်တွေ ဖြစ်ချင်ဖြစ်၊ ဒါမှ မဟုတ်ရင် လေအဟုန်မှာ တိုးတိုက်မိကြတဲ့ ကြွေရွက်တွေ ဖြစ်မှာပါ။ သူ့နာမည်က အောင်အောင်ချည်းတော့ မဟုတ်ဘူး။ ဒါပေမဲ့ ထားပါ။ နာမည်က အရေးမကြီး ပါဘူး။ အောင်အောင်လို့ပဲ မှတ်ထားတာပေါ့။ ကျွန်မကတော့ သူနဲ့ ရင်းနှီးသွား တော့မှ "အောင်" လို့ စပြီး ခေါ်ခဲ့ပါတယ်။

ကျွန်မ ပြောချင်တဲ့ အကြောင်းက အခုမှ စ တာရယ်။ ခိုလှုံခွင့်နဲ့ ထွက်သွားသူတွေ အကြောင်းလည်း မဟုတ်ဘူး။ ဖွံ့ဖြိုးပြီးသားနိုင်ငံတွေ

mgyoe.com

mgyoe.com SAMPLE BOOK


အကြောင်းလည်း မဟုတ်ဘူး။ သုတေသနစာတမ်း အကြောင်းလည်း မဟုတ်ဘူး။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး အကြောင်းလည်း မဟုတ်ဘူး။ လူကုန်ကူးမှု အကြောင်းလည်း မဟုတ်ဘူး။ ဒါတွေထက် ပိုပြီး ရိုးရှင်းတဲ့ လူယောကျ်ားတစ်ယောက်နဲ့ လူမိန်းမတစ်ယောက်တို့ ဆုံတွေ့ကြတဲ့ အကြောင်းပါပဲ။ များစွာသော အကြောင်းတရားတွေကတော့ ဝိုင်းပြီး ပံ့ပိုးပေးရတာပေါ့။ တွေ့ဆုံခဲ့တယ် ဆိုတာဟာလည်း တွေ့ဆုံတဲ့ နေရာမှာတင် ပြီးတာ မဟုတ်ဘူး။ ဒီတွေ့ဆုံမှုဟာ နောင်တစ်ချိန်မှာ ဖြစ်လာမယ့် ဆက်ဆံရေး ပုံသဏ္ဍာန်အတွက် အစပြုရာ အကြောင်းတရား ဖြစ်ပြန်ပါတယ်။

ပါရမီနုတဲ့ ကျွန်မကတော့ ဒီသဘောတွေ ဘယ်မှာ မြင်နိုင်ခဲ့မှာတဲ့လဲ။ အနားကို သူ ကပ်လာချိန်မှာ မြင့်မားတဲ့ သူ့အရပ်နဲ့ ညိုမောင်းတဲ့ အသားအရေကိုသာ သတိပြုနှင့်ခဲ့တယ်။ ဆိုခဲ့သလို သူဟာ လူချောတစ်ဦးပါ။ သူက နှုတ်ခမ်းမွေးစစနဲ့ရယ်။ ကာတွန်းဇာတ်ကောင် သမိန်ပေါသွပ်လိုပေါ့။ နှုတ်ခမ်းမွေးကြောင့်ပဲ သူ့မျက်နှာက ခံ့ခံ့ညားညား မရှိဘဲ ပြောင်ချော်ချော်ကြီး ဖြစ်နေတယ်။ အင်း... ပုံဖော်ပြတာ နည်းနည်းများ ရက်စက်သွားမလားပဲ။ မတတ်နိုင်ဘူးလေ။ သူမှ နှုတ်ခမ်းမွေးနဲ့ လိုက်ဖက်တာမှ မဟုတ်တာ။ သူကတော့ ပြုံးပြတာပဲ။ သူ့အပြုံးကို အနီးကပ်မြင်မိတဲ့ ကျွန်မသာ ကိုယ့်အတွေးနဲ့ကိုယ် ရယ်ချင် ပက်ကျိဖြစ်ရရော။

သိပ်မကြာလိုက်ဘူး။ ဒီလိုနဲ့ ကျွန်မတို့ နှစ်ယောက်ကို ပိုပြီး စကားပြောဖြစ်လာအောင် အခြေအနေတွေ ဖန်လာတယ်လို့ဆိုရမလားပဲ။ ခဏနေတော့ ပွဲကို ကမကထ ပြုတဲ့ အဖွဲ့အစည်းက လူတွေ ရောက်လာတော့ ပေါလ်နဲ့ စကားအမျှင်မပြတ် ပြောကြရာကနေ တခြားကို ဝိုင်းရွေ့သွားကြတယ်။ ကျန်နေခဲ့တဲ့ ကျွန်မတို့ နှစ်ယောက်သာ သီးခြားတစ်ဝိုင်းလို ဖြစ်သွားတာပေါ့။

❋ ❋ ❋

မိတ်ဖြစ်ဆွေဖြစ် သူ ကျွန်မကို မေးတဲ့ မေးခွန်းတွေက ဟိုရောက်လိုက် ဒီရောက်လိုက်ပါပဲ။ ဘွဲ့ရတာ ကြာပြီလား၊ ဘာနဲ့ ဘွဲ့ရလဲ။ ဒီလို ဘာသာပြန်အလုပ်လုပ်တာ ကြာပြီလား။ တခြားဘာတွေကော လေ့လာထားသေးလဲ။ အလုပ်မှာ ပျော်လား။

mgyoe.com

အိမ်က ဝေးလား။ ဒီနေရာလေးက မဆိုးဘူးနော်၊ စသည်ဖြင့်ပေါ့။ သူ မေးပုံက လုပ်ငန်းခွင်ဝင် အင်တာဗျူးကျနေတာပဲ။

ကျွန်မက အင်္ဂလိပ်ဘာသာ အထူးပြုနဲ့ ဘွဲ့ရပေမယ့် ဒီလိုဘာသာပြန် အလုပ်ကိုတော့ လွန်ခဲ့တဲ့ ၄ နှစ်လောက်ကမှ စလုပ်တာ ဖြစ်တဲ့အကြောင်း၊ အစကတော့ ဧည့်လမ်းညွှန်ပဲ လုပ်တော့မှာလိုလို သင်တန်းတွေ သွားတက် လိုက်ပေမယ့် မလုပ်ဖြစ်ခဲ့ကြောင်း၊ စိတ်ဝင်စားလို့ ရန်ကုန်တက္ကသိုလ်ထဲမှာ နိုင်ငံတကာ ဆက်ဆံရေး ဒီပလိုမာ တက်ထားသေးကြောင်း ဘာညာသာရကာ အလိုက်တသင့် ပြောဖြစ်ခဲ့တယ်။ ကျွန်မ ပြောသမျှကို နားထောင်နေပုံက ထုံးစံ အတိုင်း မူမပျက်၊ ပြုံးလျက်သာပေါ့။ မျက်လုံးချင်း တွေ့တွေ့ဆိုင်ဆိုင် ကြည့်ပြီး ခေါင်းတညိတ်ညိတ်နဲ့ အလိုက်တသင့် တုံ့ပြန်ပုံထောက်တော့ ကျွန်မ ပြောတာ တွေအပေါ် စိတ်ဝင်စားပုံရပါတယ်။

သူ့မှာ နားသာထောင်နေရတယ်။ တစ်ဖက်ကလည်း ဟိုတယ်က ဖွင့်ပေးထားတဲ့ စီဒီခွေထဲက စောင်းလှိုင်ဝင်းမောင်ရဲ့ စောင်းလက်သံနောက်ကို သူ့အာရုံတွေ ပြေးလိုက်နေသလား မဆိုနိုင်ဘူး။ တီးလုံးသံအလိုက် ကြိမ်ဆိုဖာခုံ လက်ရန်းပေါ်မှာ လက်ချောင်းလေးတွေ တတောက်တောက် လုပ်ပြီး စည်းချက် လိုက်နေတယ်။

ကျွန်မ ခံစားမိတာ တစ်ခု ရှိတယ်။ သူက သိချင်တာတွေ မေးတယ်၊ ကျွန်မ ပြောတာတွေကို ဂရုတစိုက် နားထောင်တယ် ဆိုပေမယ့် သူ တကယ် သိချင်တဲ့ အကြောင်းအရာဟာ ဒါတွေမဟုတ်ဘူး ဆိုတာပေါ့။ ဒါကြောင့်သာ စကားတွေက ဦးတည်ရာမဲ့နေတာ။ ကျွန်မလည်း သိပ်အချိန်အကုန်မခံချင်တာနဲ့ "ရှင့်ကို ကြည့်ရတာ ကျွန်မကို တစ်ခုခု မေးချင်နေပုံပဲ" လို့ တည့်တည့်ပဲ ဖွင့်မေး လိုက်တယ်။ "အဟဲ" လို့ သူ့ရဲ့ အရှက်ပြေရယ်သံဟာ ကျွန်မ မေးတာကို ဝန်ခံ နေသလိုပါပဲ။

"ခင်ဗျားက ကျွန်တော့်ဆီမှာ မေးခွန်းရှိမှန်း ဘယ်လိုသိတာလဲ"

"ရှင့် မေးခွန်းတွေက အဆက်အစပ် မရှိဘူး။ ပြီးတော့ ကျွန်မ ပြောနေ တာကို ရှင် နားထောင်နေတာ မှန်ပေမယ့် ရှင့်မျက်လုံးတွေက တစ်ချက်တစ်ချက် အကြည့်တွေ သေသွားတယ်။ ခဏ စိတ်လွတ်သွားပုံပဲ။ နောက်ထပ် မေးခွန်း တစ်ခုခု မမေးခင်မှာ နှုတ်ခမ်းကို မသိမသာ ကိုက်တယ်လေ။ ဒါဟာ တစ်ခုခု မေးချင်သေးပုံပဲ။ ခုထက်ထိတော့ ရှင့်မေးခွန်းက ဘာလဲဆိုတာ ကျွန်မ မသိဘူး"

"ဟာဗျာ"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ စကားကြောင့် သူ နည်းနည်း အနေရခက်သွားဟန် ရှိတယ်။ အမှန်တကယ်လည်း သူ့မှာ ကျွန်မကို မေးချင်နေတဲ့ မေးခွန်း ရှိတယ်။ ဒါကို သူ ဝန်ခံပါတယ်။ ဒါပေမဲ့ သိပ်အရေးကြီးတဲ့ ကိစ္စတော့ မဟုတ်ဘူး။

"ခင်ဗျားက ခုနတုန်းက နိုင်ငံပြောင်းရွှေ့ ခိုလှုံခွင့်မှာ အမျိုးသမီးတွေ အနေနဲ့ သီးခြားကြုံတွေ့ရတဲ့ ပြဿနာ ဘာတွေ ရှိသေးလဲလို့ ဘာလို့မေးရတာလဲ။ အဲဒါလေး ကျွန်တော် စိတ်ဝင်စားလို့ပါ"

ဩော်... ဒါလား။ ကိုယ်တော်လေးက ဒါလေး မေးရဖို့အရေး ဘာတွေများ တွန့်ဆုတ်နေလဲ မသိဘူး။ အဲဒီလို ပွင့်ပွင့်လင်းလင်း မရှိတာကို ကျွန်မက ကြိုက်ကို မကြိုက်တာ။ ဒါပေမဲ့ သူနဲ့ ရင်းနှီးလာပြီး နောက်ပိုင်း သူ့အကြောင်းကို တဖြည်းဖြည်း သိလာတော့မှ ကျွန်မကို ဘာလို့ ဒီလိုမေးခဲ့သလဲ ဆိုတာ သဘော ပေါက်တော့တယ်။

ဒါနဲ့ပဲ ကျွန်မ သူငယ်ချင်းမလေး အက်စ်မာရက်အကြောင်း သူ့ကို ပြောပြဖြစ်သွားတယ်။ အက်စ်မာရက်ဟာ အီရစ်ထရီးယားနိုင်ငံသူပါ။ သူတို့ နိုင်ငံအစိုးရရဲ့ တရားမျှတမှုကင်းမဲ့တဲ့ လုပ်ရပ်တွေ၊ လူ့အခွင့်အရေး ဖိနှိပ်မှုတွေ ကြောင့် ထွက်ပြေးလာတဲ့ မိသားစုတွေထဲမှာ အက်စ်မာရက်တို့ မိသားစုလည်း ပါခဲ့ပါတယ်။ သူတို့ ခရီးလမ်းဟာ မိုင်ထောင်ချီ အင်မတန် ရှည်လျားလွန်းလှတယ်။ အီရစ်ထရီးယားကနေ ဆူဒန်ကို ပြေးရတယ်။ အဲဒီကတစ်ဆင့် လစ်ဗျားနိုင်ငံကို သွားရပါတယ်။ ဒီကမှတစ်ဆင့် ဥရောပနိုင်ငံတွေ ဖြစ်တဲ့ အီတလီ၊ ဂျာမနီ၊ ဆွီဒင် နိုင်ငံတွေဆီကို ခရီးဆက်ကြရတယ်။ ရှည်လျားပြီး ကြမ်းလှတဲ့ ခရီးပေါ့။

ဒါပေမဲ့ ဒီခရီးလမ်းကြောင်းမှာ လူကုန်ကူးဂိုဏ်းတွေဟာ ဖောချင်း သောချင်းပဲရယ်။ မမိ မိအောင် ဆင်ထားတဲ့ ကြွက်ထောင်ချောက်တွေလို တစ်နေရာ မဟုတ် တစ်နေရာမှာ၊ တစ်ဖွဲ့မဟုတ်ရင် တစ်ဖွဲ့ရဲ့ ခွင်ထဲမှာ ဝင်သွားနိုင်လောက် အောင်အထိ များလွန်းလှတယ်။ အလှည့်ဖြားမခံရအောင် သတိကြီးကြီးထားပြီး သွားရတာပေါ့။ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား တဲ့ လောကကို ဖြတ်သန်းပြီးမှ သွားရတာမို့ ကိုယ့်ကံကြမ္မာဟာ ဘာမှ ရေရေရာရာ မရှိလှဘူး။ အက်စ်မာရက် ပြောပြတော့မှပဲ အာဖရိကရယ်၊ အရှေ့အလယ်ပိုင်း ဒေသတွေ ရယ်၊ အာရှရယ် ချိတ်ဆက်ထားတဲ့ ရောမလူကုန်ကူးဂိုဏ်းရဲ့ ကွင်းဆက်ကို ကြားဖူးပြီး ကျွန်မမှာ ကျောချမ်းလိုက်တာ။

mgyoe.com

mgyoe.com SAMPLE BOOK

အက်စ်မာရက်ဟာ ဒီဒုက္ခတွေကနေ ကင်းဝေးဖို့ သူ့ကိုယ်သူ စတေးတဲ့ နည်းကတော့ ဥရောပတိုင်းသားကို လက်ထပ်ယူခဲ့တာပဲ။ အပေးအယူဆန်တဲ့ သူတို့အိမ်ထောင်ရေးဟာ ကြာကြာလည်း မခံခဲ့ပါဘူး။ သူ့အမျိုးသားရဲ့ နှိမ်ချ ဆက်ဆံမှုတွေ၊ အိမ်တွင်း အကြမ်းဖက် ဇရဲခန်းတွေကနေ သူ ရုန်းထွက်ပြီးတော့မှ ဘဝအသစ်ကို စတင်နိုင်ခဲ့တာပါ။ ကျွန်မနဲ့ တွေ့တဲ့ အချိန်ကျတော့ သူဟာ လူမှုအဖွဲ့အစည်းတစ်ခုရဲ့ ကိုယ်စားပြုတာဝန်ခံအဖြစ် မြန်မာနိုင်ငံကို လာရတဲ့ အချိန်ပေ့ါ။ အိမ်တွင်းအကြမ်းဖက်မှုဆိုတဲ့ အကြောင်းအရာကို ဆွေးနွေးကြရင်း ကျွန်မတို့ နှလုံးသားတွေလည်း ပူးကပ်ခဲ့ပါတယ်။ အခုဆို မိတ်ရင်းဆွေချာလိုပဲ သူနဲ့ ကျွန်မဟာ အီးမေးလ်နဲ့ ပုံမှန် အဆက်အသွယ် ရှိကြတယ်။

အက်စ်မာရက်ရဲ့ ဇာတ်လမ်းဆုံးတော့ အောင် တစ်ယောက် ငြိမ်ကျ သွားတယ်။ ခေါင်းငိုက်စိုက်ကျရင်း သူ့ရှေ့က ဘာမှ မကျန်တော့တဲ့ ကော်ဖီခွက်ကို အကြောင်းမဲ့တွေတွေစိုက်ကြည့်လို့ပေ့ါ။ ကျွန်မမှာတော့ အူကြောင်ကြောင်ရယ်ပါ။ ငါ ပြောတာ ဘာများ မှားသွားပါလိမ့် ဆိုပြီးလည်း ဦးနှောက်ကို မြန်မြန်အလုပ်ပေး တွေးလိုက်သေးတယ်။ သူဟာ ဝမ်းနည်းသွားတာလား။ ဝေဝါးနေတာလား။ ဘေးကျပ်နံကျပ် ဖြစ်နေတာလား ဆိုတာ ကျွန်မ မမှန်းတတ်ဘူး။ နှစ်ဦးသား စကားပြောခန်းဟာ ရုတ်တရက်လို တိတ်ဆိတ်သွားတယ်။

အပြင်ဘက်မှာတော့ လေတွေ ပိုထန်လာတယ် ထင်ပါတယ်။ ဟိုတယ်ဆီ ကို လျှောက်လာတဲ့ စုံတွဲတစ်တွဲဟာ လေတိုက်တဲ့ အရှိန်ကြောင့် သူတို့ခန္ဓာကိုယ် နောက်ဘက် ယိမ်းသွားတာကို တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး ရယ်နေ ကြတယ်၊ အစောတုန်းက တွေ့နေရတဲ့ ငှက်အုပ်လည်း အဝေးကို ထပျံ ပြေးကြပါပြီ။ တချို့တလေသာ ကျန်ရစ်ခဲ့တာ။ ဘယ်နှကောင်ပါလိမ့်။ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်၊ ဟောဟိုမှာ နောက်ထပ်နှစ်ကောင်။

သူ့ဆီက ဘာစကားသံမှ ပြန်မလာတော့ ကျွန်မလည်း အပြင်ကို ငေးမိငေးရာ ငေးနေမိတယ်။ ဆရာသမားကတော်တော်နဲ့ ဦးမော့မလာသေးဘူး။ အတွေးအိမ်ထဲမှာ နစ်နေသလိုမျိုးကြီး။ ဒါမျိုး အခြေအနေကို ကျွန်မလည်း ကြာကြာမနေတတ်တာနဲ့ စားပွဲပေါ်က အလှပန်းအိုးထဲက ပန်းတွေဆီ စကားဦး လှည့်လိုက်တယ်။

"ဒီလို ပိန်းပန်းအနီရောင်တွေ မတွေ့မိတာတောင် ကြာပေ့ါ" လို့ ကျွန်မက ဆိုတော့ သူ့မှာ အိပ်မက်ကနေ နိုးလာသလို လူ့ပ်လှုပ်ရှားရှားပြန်ဖြစ်

mgyoe.com

mgyoe.com

လာပြီး ရောရောင်ယောင်ယောင် "အင်း" လိုက်တယ်။ ပြီးတော့ ကျွန်မကို ကြည့်လိုက်သေးတယ်။ သူကြည့်ပုံက အမှားလုပ်ထား၊ အပြစ်လုပ်ထားတဲ့ ကလေးဟာ တစ်ခုခု ဝန်ခံချင်လို့ ဒါမှမဟုတ် တစ်ခုခု ပြောပြချင်လို့ တစ်ဖက်သား ရဲ့ မျက်နှာရိပ်မျက်နှာကဲကို လှမ်းကြည့်တဲ့ ပုံစံမျိုးပါ။ မဝံ့မရဲလေးပေါ့။

"တစ်ခုခုများ ပြောချင်သေးလားဟင်၊ ပြောလေ"

ဒီတစ်ခါလည်း စိတ်မသက်သာတဲ့ကြားက သူ ရယ်ပြန်ပါတယ်။

"ခင်ဗျားက ဘယ်လို သိရပြန်တာလဲ"

"ကျွန်မ စိတ်ထဲ ရှင့်မှာ ပြောစရာတစ်ခုခု ကျန်သေးသလို ခံစားမိလို့ပါ"

ရယ်ရင်းကပဲ သူ ခေါင်းခါပါတယ်။ သူ ငြင်းဆိုပါတယ်။ သူ နှုတ်ဆိတ် ပါတယ်။ သူ ဟန်ဆောင်ပါတယ်။ သူ ဖုံးကွယ်ပါတယ်။ သူ နောက်ဆုတ်ပါတယ်။ ဘာအကြောင်းကြောင့်လည်း မသိနိုင်ဘူးပေါ့နော်။ မပြောတော့ဘူးလို့ သူ စိတ်ပြောင်းသွားပုံပါပဲ။ ဒါကတော့ သူ့အပိုင်းပါလေ။ ကျွန်မကတော့ သူ စိတ် ပေါ့ပါးစေလို ပေါ့ပါးစေငြား ကိုယ်အမူအရာကို ကြည့်ပြီး အဓိပ္ပာယ်ဖော်လို့ရတဲ့ အကြောင်းတွေကို စကားကြောရှည်မိသေးတယ်။

"ကျွန်မကတော့ ကိုယ်အမူအရာတွေကို ကြည့်ပြီး ဘာများဖြစ်နေ ပါလိမ့် ဆိုပြီး အကဲခတ်ရတာ ဝါသနာပါတယ်။ ကျွန်မ အကဲခတ်ရင် တော်တော် များများလည်း မှန်တာပဲ"

"ဩော... ဆိုစမ်းပါဦး"

ဒီလိုကျတော့လည်း ကိုယ်တော်ချောက ပြုံးစစ ပြန်ဖြစ်သွားပြန်ရော။ ဒီနေရာမှာတော့ ကျွန်မဟာ ကျောင်းကနေ အိမ်ကို ပြန်ရောက်လာတဲ့ ကလေးမ လေးနဲ့ တူပါတယ်။ ကျောင်းမှာ တစ်နေ့တာအတွင်း ဘာတွေ သင်ခဲ့ရတယ် ဆိုတာကို အထူးအဆန်းလုပ်ပြီး အမေကို ပြန်ပြောပြတဲ့သူလိုလိုပေါ့။ သူကတော့ သမီးပြောတာကို နားထောင်ပေးမယ့် အမေကြီး၊ အဖေကြီးလိုလေ။

"ရှင် လျှော့မတွက်နဲ့နော်။ မိန်းမတွေက မိခင်တွေ ဖြစ်လာကြတော့ သူတို့ ကလေးလေးတွေ မွေးကင်းစမှာကတည်းက ကလေး ငိုသံကို နားထောင်ပြီး နို့ဆာလို့ ငိုတာလား၊ အကောင်ကိုက်လို့ ငိုတာလား ခွဲတတ်တယ်။ သူတို့ ကလေး မျက်နှာကို ကြည့်ပြီးလည်း ပူနေလား၊ အေးနေလား၊ ရင်ကျပ်နေလား ဆိုတာ သိလိုက်တာပဲ။ မျက်နှာအကဲခတ်နည်း ဆိုတာကို အမျိုးသမီး တော်တော်များများ တတ်မြောက်တတ်ကြတယ်"

mgyoe.com SAMPLE BOOK

"ခင်ဗျားကလည်း လုပ်ပြီ။ မွေးကင်းစကလေးဆိုတာ ဘာများ ဟန်ဆောင်တတ်ဦးမှာမို့လဲ။ သူ့လက်ထဲ တစ်ခုခု ထည့်ပေးလိုက်ရင်တောင် ဆုပ်ကိုင်ရတယ်ဆိုတာ ချက်ချင်း မသိသေးဘူး။ အဲဒီလိုကလေးတွေရဲ့ အပြုအမူကို မှန်းလို့လွယ်နိုင်ပေမယ့် လူကြီးတွေဗျာ... သူတို့ဆို ဟန်ဆောင်တတ်ကြပြီ။ ခင်ဗျားလည်း သိသားပဲ။ ဒါကို အပိုင်သွားတွက်လို့ ဘယ်ရမလဲ"

အခုလို ငြင်းဖော်ရတော့လည်း ကျွန်မတို့ နှစ်ယောက်သား စကားဝိုင်းက စိုစိုပြည်ပြည် ဖြစ်လာတာပေ့ါ။ ကျွန်မကလည်း မလျှော့ပါဘူး။ ကိုယ်အမူအရာ ဘာသာစကားကို နားလည်ဖို့ဆိုရင် မျက်လုံးကို ကြည့်ရမယ်။ မျက်နှာအမူအရာကို ကြည့်ရမယ်။ အာရုံစူးစိုက်မှုပုံစံကို ကြည့်ရမယ်။ တစ်ယောက်နဲ့ တစ်ယောက် ထိုင်နေပုံ၊ ရပ်နေပုံ အကွာအဝေးနဲ့ ပုံသဏ္ဍာန်ကို ကြည့်ရမယ်။ ဦးခေါင်းလှုပ်ရှားပုံကို ကြည့်ရမယ် ဆိုပြီး ဖွတ်ကို နည်းလမ်းတွေ ပြနေမိတော့တာ။ သူကတော့ တဟားဟား ရယ်လို့ပေ့ါ။

"ရှင် မယုံလည်း နေပေ့ါ။ လူတစ်ယောက်ဟာ တစ်နေရာတည်းကို တွေတွေစိုက်ကြည့်ပြီး ခဏခဏ မျက်တောင်ခတ်နေပြီ ဆိုရင် အဲဒါ တစ်ခုခုကို သူတွေးနေတာပေ့ါ။ ဒါမှမဟုတ် တစ်ခုခုမငြင်းမိမှာ မျက်တောင်ခဏခဏ ခတ်ပြီ၊ တံတွေးမျိုချနေပြီ ဆိုရင်လည်း အဲဒါ လိမ်တော့မှာမို့၊ ပြီးတော့ တစ်ယောက်ယောက်နဲ့ စကားပြောနေတုန်းမှာ မျက်လုံးကို ညာဘက်အပေါ်ထောင့်ကို ကပ်လိုက်ရင် အဲဒါ လိမ်နေတာ။ ဒါမှမဟုတ် တစ်ခုခုကို အကြံပြုဖို့ပဲဖြစ်ဖြစ်၊ အဆိုပြုဖို့ပဲဖြစ်ဖြစ်၊ လုပ်ကြံဇာတ်လမ်းပြောဖို့ပဲဖြစ်ဖြစ် စဉ်းစားရင်လည်း ညာဘက်အပေါ်ထောင့်ကို ကပ်တာပဲ။ အရင်တုန်းက အကြောင်းကို ပြန်ပြီး တွေးနေတာ ဆိုရင်တော့ ဘယ်ဘက်အပေါ်ထောင့်ကို ကပ်တတ်တယ်"

ကျွန်မ စကားဆုံးတော့ သူ့မျက်လုံးတွေဟာ ဘယ်ဘက်အပေါ်ထောင့်ကို အရင် ကပ်သွားတယ်။ ပြီးတော့ ညာဘက်ကို ကပ်တယ်။

"ဟောကြည့်... ရှင့် မျက်လုံးတွေ ရွေ့ကုန်ပြီ။ 'ဟုတ်လား' ဆိုပြီး အရင်တုန်းက ရှင်လုပ်ခဲ့ပုံတွေ အကြောင်းကို ပထမစဉ်းစားတော့ မျက်လုံးကို ဘယ်ဘက်ထောင့် ကပ်လိုက်တယ်။ နောက်ပြီး ကျွန်မကို တစ်ခုခုအကြောင်းပြဖို့ ထပ်စဉ်းစားတော့ ညာဘက် ထောင့်ကို ကပ်တယ်... ကဲ... တွေ့ပြီလား"

ကျွန်မလည်း ဘယ်ရမလဲ၊ အပိုင်ကို ပြောတော့တာပေ့ါ။

"ဟာဗျာ... ခင်ဗျားက မဟုတ်တာပဲ"

mgyoe.com

mgyoe.com SAMPLE BOOK


သူကလည်း သူခိုးလူမိသလို ရှက်ကိုးရှက်ကန်းနဲ့ အကျောက်အကန် ငြင်းတော့တာပဲ။ ပြီးတော့ ကျွန်မတို့ နှစ်ယောက် ရယ်ဖြစ်ကြတယ်။

"မျက်နှာအမူအရာကို ကြည့်ရင်လေ နှုတ်ခမ်းကို စေ့ပြီးပဲ ပြုံးရင် အပြုံးတုလို့ ပြောလို့ ရတယ်။ ရင်ထဲကနေ တကယ်စိတ်ပါလို့ ပြုံးရင် မျက်လုံးလေးတွေက ကြည်လဲ့သွားပြီး စေ့ထားတဲ့ နှုတ်ခမ်းလွှာဟာ ခပ်ဟဟတော့ ဖြစ်သွားတတ်တာချည်းပဲ"

ဒီတစ်ခါတော့ သူရဲ့ တဟားဟား အော်ရယ်သံက တော်တော့်ကို ကျယ်ပါတယ်။ ဘေးနားက လူတွေတောင် "ဘာဖြစ်တာပါလိမ့်" ဆိုပြီး စပ်စုပုံမျိုးနဲ့ လှည့်ကြည့်ကြသေးတယ်။ ကျွန်မမှာ "ကဲ... တော်ပါတော့" လို့ကို တားယူရတဲ့အထိပဲ။

"ကျွန်တော် ရယ်တာကတော့ အူလှိုက်သည်းလှိုက် ဆိုတာ သိသာတယ် မဟုတ်လား။ fake smile မဟုတ်ဘူးလေ"

"ဒါတော့ ရှင့်ဟာ လွန်နဲ့လွန်လွန်းတယ်... တံတွေးတွေလည်း စဉ်ကုန်ပါဦးမယ်"

ကျွန်မ ပြောတာကို သဘောကျပြီး သူ ထပ်ရယ်ပြန်ပါတယ်။

"ခင်ဗျားနဲ့ စကားပြောတာ စိတ်ဝင်စားစရာတော့ ကောင်းသားပဲ"

လို့သူဆိုတော့ ကျွန်မကပဲ သူ့ကို ဖျော်ဖြေသူကြီးလိုလိုပေါ့။ အတော်စကားမပြောတတ်တဲ့ သူပဲ။ ပြီးတော့ နည်းနည်းလည်း အထက်စီးဆန်သလိုပဲရယ်။

"ဆက်ပြောလေ"

"တော်ပြီ၊ ရှင်က ရယ်နေဦးမှာ"

"မဟုတ်ပါဘူး... ကျွန်တော် သဘောကျလို့ပါ"

"ဒါဆိုတစ်ခု ထပ်ပြောမယ်နော်...လူတစ်ယောက်ဟာ ခေါင်းကိုသွက်သွက် ညိတ်ပြနေပြီ ဆိုရင် တစ်ဖက်က ပြောတဲ့ စကားကို မြန်မြန် အဆုံးသတ် စေချင်ပြီ။ ဖြည်းဖြည်းညိတ်ရင်တော့ သူ တွေးဆပြီးမှ ထောက်ခံနေတာ"

"ဩော်... အဲဒီလိုလား... ကျွန်တော် ဖြည်းဖြည်းညိတ်တယ်နော်... အင်း... ဟုတ်ပါတယ်... ဟုတ်ပါတယ်"

ရုပ်ရှင်တွေထဲက လူကြီးခန်းမှာ သရုပ်ဆောင်တဲ့ သူတွေလို ခေါင်းတဆတ်ဆတ်ညိတ်ပြရင်း ကျွန်မကို ပြောင်နေသေးတယ်။

mgyoe.com

mgyoe.com

"ရှင်က ပြော ဆိုလို့လည်း ပြောရသေးတယ်… ဘာလဲ… ပြောတဲ့ လူကို ဟာသလုပ်နေတာလား"

ကျွန်မက စိတ်ဆိုးသလိုလို ပြောတော့ သူ ချက်ချင်း ပြန်ဖြေရှင်းတယ်။

"ဟာ အဲဒီလိုတော့ မဟုတ်ပါဘူး…. ခင်ဗျားပဲ စဉ်းစားကြည့်လေ။ အရာရာတိုင်းကို အမြဲတစေ ပုံသေသတ်မှတ်ပြီး ယူဆလို့မှ မရတာ… လူမျိုးတစ်မျိုး နဲ့ တစ်မျိုး ယဉ်ကျေးမှုချင်း မတူညီတော့ အပြုအမူချင်းလည်း ကွာခြားကြတယ်။ ဥပမာ – မဇ္ဈိမတိုင်းသားတွေက ခေါင်းကို တလှုပ်လှုပ်နဲ့ တဆတ်ဆတ် ယမ်းပြရင် မဟုတ်ဘူး၊ ငြင်းတာပဲလို့ ယူဆလို့ မရဘူး။ အဲဒါ သူတို့က သဘောတူကြောင်း ပြတာ… ကဲ… အဲဒါ ဘယ်လိုလုပ်မလဲ"

"ဒီလိုကြေးလား… ပြီးရောလေ… ကိုယ့်ယဉ်ကျေးမှုအရ နေထိုင်တဲ့ ဓလေ့စရိုက်တွေအပေါ် အခြေခံပြီး ရှင့်ကို ကျွန်မ တစ်ခု ပြောပြရသေးတာပေါ့…"

ပြောနေရင်း သူ့ကို အနိုင်ယူလို့ရမယ့်နည်းကို ချက်ချင်း အကြံရသွားပါတယ်။ ကျွန်မ အပြုံးက ညစ်ကျယ်ကျယ်နိုင်နေမလားပဲ။

"ဟော…ဟိုမှာ…အပေါက်ဝမှာ ထိုင်နေတဲ့ စုံတွဲကိုတွေ့လား…ကောင်မလေးက အင်္ကျီအနီရောင်၊ ကောင်လေးက ပုဆိုးအပြာကွက်လေးနဲ့လေ… တွေ့လား"

လေသံနှိမ့်ပြီး ခပ်တိုးတိုးလေး သူ့ကို ပြောလိုက်တယ်။ ကျွန်မ ပြောတာ ကြားရအောင် သူကလည်း သူ့ခေါင်းကို အသာပုလို့ တိုးကပ် နားထောင်ပြီး အပေါက်ဝနားက စားပွဲဝိုင်းဆီကို မသိမသာ ငဲ့စောင်းကြည့်လိုက်တယ်။ ခုနက ဟိုတယ်ထဲကို ဝင်လာတဲ့ အတွဲဟာ စားသောက်ခန်းမထဲမှာ ဝင်ထိုင်နေကြပါပြီ။ ကောင်မလေးက ရနိုင်တဲ့ အစားအသောက်စာရင်းကို ကြည့်ပြီး ဝိတ်တာကို တစ်ခုခု လှမ်းမှာနေပါတယ်၊ ကောင်လေးကတော့ ဘာမှမပြောဘဲ အဲဒီကောင်မလေး လုပ်သမျှကို အသာတကြည် ငေးကြည့်လို့ပေါ့။

"အင်း… တွေ့တယ်… ဘာဖြစ်လို့လဲ"

"ကောင်လေးက ကောင်မလေးကို ချစ်ရေးဆိုထားဆဲ ဖြစ်နိုင်တယ်"

"ဟား… ခင်ဗျားက အပိုင်ပါလား… ဘာလဲ အကြားအမြင် ဆရာမကြီး လား"

mgyoe.com

"ဒီမယ် မသိရင် မှတ်ထား... အမျိုးသားနဲ့ အမျိုးသမီး မျက်နှာချင်းဆိုင် ထိုင်ကြရင် အဲဒါ သူငယ်ချင်းဖြစ်ဖြစ်၊ လုပ်ဖော်ကိုင်ဖက်ဖြစ်ဖြစ်ပေါ့။ အဲ... ဘေးချင်း ပူးကပ်ထိုင်ကြရင်တော့ သမီးရည်းစားဆိုတာ သေချာတယ်။ ခု အဲဒီ ဝိုင်းက ကောင်လေးနဲ့ ကောင်မလေးက ဘေးကပ်ရက်လည်း မဟုတ်၊ မျက်နှာချင်း ဆိုင်လည်း မဟုတ်ဘူး။ စားပွဲရဲ့ အလျားနဲ့ အနံမှာ ထိုင်နေကြတာ... အဲဒါ ကောင်လေးက ချစ်ရေးဆိုထားဆဲ၊ ကောင်မလေးက စဉ်းစားနေဆဲလို့ ယူဆ ရမှာပေါ့... မဟုတ်ဘူးလား"

"ခင်ဗျားဗျာ၊ ပေါက်ပေါက်ရှာရှာတွေ... စာထဲ ဖတ်ဖူးတာတွေနဲ့ ကိုယ် ထင်တာတွေ ရောပြီး ပြောချင်တာတွေ ပြောနေသလားပဲ"

"ဘာလဲ... ရှင်က မယုံဘူးလား... ဒါဖြင့် ရှင်နဲ့ ကျွန်မနဲ့ လောင်းကြ မယ်လေ... ကျွန်မ ပြောတာ ဟုတ်၊ မဟုတ် ရှင် သွားမေးကြည့်ပါလား"

"ဟ... ဒါတော့ ဘယ်ဖြစ်မှာလဲဗျ... ဟိုက နှစ်ယောက်ပေါင်းပြီး ကျွန်တော့် ကို ရိုက်လွှတ်မှာပေါ့"

"ဒါဖြင့် ရှင်လက်ခံလိုက်ပေါ့"

ကျွန်မက အင်မတန် လူလည်ကျသူပါ။ ပြီးတော့ ကိုယ့်ဘာသာ သဘောတွေကျပြီး ရယ်မိတယ်။ သူကလည်း လိုက်ရယ်ရော။ အင်း... အခုကျ တော့လည်း ကျွန်မတို့နှစ်ယောက်ဟာ ဟိုးကတည်းက သိလာကြတဲ့ သူငယ်ချင်း တွေကျလို့၊ တစ်ယောက်ကို တစ်ယောက် စနောက်ရင်း၊ စကားအတင်အစီး မခံ ပြန်ပြောကြရင်းနဲ့ ရင်းနှီးသွားကြပါတယ်။ သူကတော့ ကျွန်မအကြောင်းကို တော်တော်စိတ်ဝင်စားပုံပဲ။ ကျွန်မကသာ ခုထက်ထိ သူ့အကြောင်းကို ဘာမှ မမေးရသေးတာ။ သူကတော့ တစ်ခုပြီးတစ်ခု ကျွန်မကို မေးနေတော့တာပဲ။

"နေပါဦး... ခင်ဗျားက ဘာလို့ အဲဒီလိုကိစ္စတွေ ရှာရှာဖွေဖွေ စိတ်ဝင်စား ရတာလဲ"

"ကျွန်မရဲ့ ရာသီခွင်နဲ့ ဆိုင်မလားပဲ... အမျိုးသားတွေကတော့ ဒါမျိုး တွေ အယုံအကြည်ရှိချင်မှ ရှိမှာပေါ့... တစ်ခါတလေတော့လည်း တိုက်ဆိုင် နိုင်တာပဲလေ"

"ဆိုပါဦး၊ ဘယ်ရာသီဖွားမို့လို့လဲ"

"မနုရာသီဖွားလေ... ဒီရာသီပေါ့... သိချင်စိတ် ကြီးစိုးတယ်... စူးစမ်း လေ့လာမှု အားကောင်းသူတွေပေါ့..."

mgyoe.com

"တလွဲတွေ ပြောပြန်ပြီ။... ကျွန်တော်လည်း Sagittarius ပဲ... ဒါပေမဲ့ ခင်ဗျားလိုတော့ မစပ်စုတတ်ပါဘူး... ခင်ဗျားက ဘယ်နေ့ မွေးတာလဲ"

"စပ်စုတာ မဟုတ်ဘူး... စူးစမ်းလေ့လာမှု အားကောင်းတာပါလို့ ဆိုနေမှပဲ... မွေးနေ့က မနက်ဖြန်လေ... နိုဝင်ဘာ ၂၄"

ကျွန်မ မွေးရက်ကို သိရတော့ သူ့မျက်ခုံးပင့်လိုက်တယ်။

"ဟာ... တကယ်ကြီးလား... ကျွန်တော်က နိုဝင်ဘာ ၂၅" တဲ့။

အကြောင်းတိုက်ဆိုင်ချင်ပြန်တော့ သူဟာ ကျွန်မထက် မွေးနေ့တစ်ရက် နောက်ကျသူပေါ့။ တစ်ယောက်နဲ့ တစ်ယောက် သေသေချာချာ မေးကြတော့ ကျွန်မတို့ မွေးနှစ်က အတူတူပဲ။ ဆိုရရင် သူက ကျွန်မထက် အသက် တစ်ရက် တိတိ ငယ်သူ ဖြစ်နေတယ်။

သူ့အတွေးမှာတော့ ဘယ်လိုရှိမယ် မသိဘူး။ ကျွန်မကတော့ တိုက်ဆိုင်မှု တစ်ခုလေလား၊ ကံကြမ္မာ စေညွှန်ရာပဲလားလို့ သံသယပွားနေမိတယ်။ တချို့သော ဆုံတွေ့မှုတွေမှာ ကနဦးအစမှာကတည်းက တစ်ဦးအပေါ် တစ်ဦး စိတ်ဝင်စားမှုကို အာရုံသိနဲ့ သိကြတယ်တဲ့။

ဒါဟာ ထူးဆန်းသလိုလိုပါပဲ။ ဒီအခြေအနေဟာ ပုံမှန်မဟုတ်ဘူးလို့ ရိပ်မိ ခံစားမိတာမျိုးကို ကျွန်မဘက်က တစ်ဖက်သတ်ကြီး ဖြစ်နေမှာကိုတော့ စိုးပါတယ်။ ပိုးဟပ်တွေလို အာရုံခံဦးမှင်ပါတဲ့ သတ္တဝါတွေ ဆိုရင်တော့ သူတို့ ဦးမှင်လေးတယမ်းယမ်းနဲ့ တစမ်းစမ်းလုပ်ပြီး အာရုံခံကြမှာပေါ့။ စိတ်ဝင်စားစရာ တစ်ခုခု တွေ့ရင်ဖြစ်ဖြစ်၊ သံသယအခြေအနေကို အကဲခတ်ဖို့ လိုလာရင်ပဲဖြစ်ဖြစ် အဲဒီလို အခြေအနေမှာ သူတို့ ဦးမှင်တွေဟာ ထောင်မတ်ကုန်ကြပြီ။ သိပ်သိသာ တယ်လေ။ ခက်တာက သူရော၊ ကျွန်မရော ပိုးဟပ်တွေ မဟုတ်ကြတော့ ဦးမှင် တွေလည်း မပါကြပါဘူး။ တစ်ယောက်ရဲ့ ခံစားချက်ကို တစ်ယောက် မြင်သာ နိုင်တဲ့ အခြေအနေလည်း မဟုတ်ကြသေးပါဘူး။

သေချာတာ တစ်ခုကတော့ သူ့ကို စကားပြောဆိုလို့ ကောင်းတဲ့ သူငယ်ချင်းတစ်ယောက်လိုတော့ ခံစားမိပါတယ်။ သူနဲ့က လေပေးဖြောင့်တယ်။ ကျွန်မက တော်တန်ရုံဆို အိမ်မှာတောင် စကားဟာဟာ ပြောတဲ့သူ မဟုတ်ဘူး။ သူ့ကိုတော့ ချက်ချင်းဆိုသလို ရင်းနှီးမိသွားတာ ဝန်ခံပါတယ်။ ဒါပေမဲ့ အဲဒီ ရင်းနှီး တဲ့ ခံစားချက်ဟာ ကျွန်မရဲ့ ငယ်သူငယ်ချင်း မျိုးကြီးအပေါ်မှာ ထားတဲ့ သံယောဇဉ် မျိုးနဲ့ မတူပြန်ဘူး။

mgyoe.com

SAMPLE BOOK

မျိုးကြီးဟာ ဝလုံးလေး ဝိုင်းအောင် ရေးကြတဲ့ အရွယ်ကတည်းက ကျွန်မနဲ့ သိကျွမ်းလာခဲ့တဲ့ အိမ်နီးနားချင်း ကျောင်းသွားဖော် သူငယ်ချင်းပါ။ အမျိုးသမီးလို့ ပြောလိုက်ရင် ကမ္ဘာပေါ်မှာ ချစ်စရာကောင်းတဲ့သူ ဆိုလို့ ကျွန်မ တစ်ယောက်ပဲ ရှိတယ်လို့ ထင်တတ်တဲ့ သူပေါ့။ ကျွန်မအပေါ် အတော်လေး သံယောဇဉ်ကြီးတယ်။ တွယ်တာမှု အားကောင်းတယ်။ ကျွန်မဘက်ကတော့ မျိုးကြီးကို ယောကျ်ားလား၊ မိန်းမလားလို့ ခွဲခြားမမြင်မိဘူး။ ကျွန်မကိုယ် ကျွန်မ လည်း မျိုးကြီးနဲ့ ဆက်ဆံရေးမှာ ကျားရယ်၊ မရယ် ကွဲပြားပြီး မခံစားမိဘူး။ မျိုးကြီးနဲ့ ကျွန်မဟာ လူတွေပဲ၊ သူငယ်ချင်းတွေပဲ။ ဒီလိုပဲ စိတ်ထဲ ရှိပါတယ်။

ဟော... ကျွန်မ ရှေ့မှာ ထိုင်နေတဲ့ သူနဲ့ကျတော့ တစ်မျိုး တစ်ဘာသာ ရယ်။ သူငယ်ချင်းတော့ ဖြစ်လို့ ရပါတယ်။ ရင်းနှီးလို့လည်း ရပါတယ်။ ဒါပေမဲ့ ကျွန်မတို့ကြားမှာ စည်းမျှင်မျှင်လေး ခြားထားတယ်။ အဲဒါ သဘာဝက ပေးတဲ့ အသိအရသာ မြင်ရတဲ့ စည်းမျှင်ပါ။ ရှင်းပြရ နည်းနည်းခက်တယ်။ ဒီနေရာမှာတော့ ဒီလောက်ပဲ ထားပါရစေဦး။ ရှေ့ဆက်ပြီး ကျွန်မ နားလည်သလောက် ကြိုးစား ရှင်းပြပါ့မယ်။ အဆင်ပြေတယ် မဟုတ်လား ဟင်။

အပြင်ဘက်မှာတော့ လေဟာ ကစားနေသလိုပဲ။ တဝေါဝေါ တိုက်လိုက်၊ ဟုတ်ခနဲ ငြိမ်သွားလိုက်ပဲ။ ဟိုတယ်ဝင်းထဲက သစ်ပင်တွေဟာ လေတိုက်တဲ့ အရှိန်ကြောင့် သစ်ရွက်အုပ်လိုက်ကြီးဟာ တစ်ချက်တစ်ချက် ဘေးတစ်ဖက်ကို ယိမ်းနွဲ့သွားတတ်တယ်။ လေကြောင့် တိမ်လိပ်တွေကလည်း တရိပ်ရိပ် ပြေးလို့ပဲ။ လင်းသွားလိုက်၊ မှိုင်းသွားလိုက်ပေါ့။

သူက တစ်ခွန်းလှမ်းပြောလိုက်တယ်။

"မနက်ဖြန် ခင်ဗျားမွေးနေ့ ဆိုတော့ အခု အချိန်ရရင် ဘုရားသွားကြရ အောင်လေ။ ကျွန်တော်လည်း ရန်ကုန်ပြန်လာတုန်းလေး ရောက်ဖြစ်သွားတာ ပေါ့... ဒေါက်တာပေါလ်ကိုလည်း ခေါ်လိုက်မယ်"

ကျွန်မ နာရီကြည့်လိုက်တော့ ညနေ ၄ နာရီခွဲတော့မယ်။ မင်းမြတ်ဆီ သွားရဦးမှာကို သတိရမိတယ်။ အချိန်လည်း စောနေသေးတာပဲ။ မင်းမြတ်တို့ ဆီကို ဘုရားက အပြန်ကျမှ ဝင်ရင်လည်း ရတာပဲနော်။ ဆိုတော့ကာ "အင်း" လို့ ကျွန်မ သဘောတူလိုက်ပါတယ်။

သူက "မိုးများ ရွာမလား မသိဘူးနော်" တဲ့။ ဖြစ်ပါ့မလား စိုးရိမ်စိတ်နဲ့ တွန့်ဆုတ်သွားသေးတယ်။

mgyoe.com

mgyoe.com

"ဟင့်အင်း... မရှာနိုင်လောက်ပါဘူး... မိုးရွာဖို့ ဆိုတာ လွယ်မှ မလွယ်တာ"

ကျွန်မကို အပိုင် ပြောလှချည်လား ဆိုတဲ့ပုံမျိုးနဲ့ သံသယဝင်သလို မျက်မှောင်ကြုတ်ပြီး လှမ်းကြည့်လိုက်သေးတာ။ ပြီးတော့မှ "ဟုတ်ပါပြီ... ဟုတ်ပါပြီ" လို့ အလျှော့ပေးသလိုလို ပြောတယ်။

အေးလေ။ ကျွန်မ ပြောတာ ဘာမှားလို့လဲ။ မိုးတိမ်တွေ ဖြစ်ထွန်းဖို့၊ အဲဒီကမှ မိုးစက်မှုန်တွေအဖြစ် ရွာချလိုက်ဖို့က အဆင့်ဆင့် ဖြတ်သန်းရသေးတာ။ စာထဲမှာ သူ မသင်ခဲ့ဖူးတာကျလို့။

ဟိုတယ် စားသောက်ခန်းထဲကနေ ကျွန်မတို့ ထွက်လာတော့ စောင်းလှိုင်ဝင်းမောင်ရဲ့ စောင်းလက်သံဟာ အဆိုတော် ကိုမြကြီးရဲ့ "မိုး" သီချင်းကို လက်စွမ်းပြတဲ့ အလှည့်ရောက်ပါပြီ။

xxx စိတ်မကျေနိုင် အနိုင်လုတော့ အေးလှပါသည်... ထွေးစရာ့ဗလာ အတည်... ဆွေး ဆွေး ဆွေးရတာရှည် xxx တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၂ )

လေယာဉ်ထွက်ခွာဖို့ အချိန် တစ်နာရီခွဲလောက် လိုပါသေးတယ်။ မိနစ်လေးဆယ် အလိုလောက်ကျရင် ခရီးသည်တွေကို လေယာဉ်ပေါ်တက်ဖို့ စခေါ်တတ်ပါတယ်။ စီစဉ်ထားတဲ့ အချိန်အရဆိုရင် ည ၁၀ နာရီခွဲမှာ ဆန်ဖရန်စစ္စကို လေဆိပ်ကနေ မိုင်၈၄၀၀ကျော် ဝေးတဲ့စင်ကာပူကို၁၇ နာရီကျော်ကြာအောင် ပျံသန်းပါလိမ့်မယ်။ စင်ကာပူကို ရောက်မယ့် အချိန်က မနက် ရှစ်နာရီပေါ့။ စင်ကာပူကနေ ရန်ကုန်ကို ပြန်ထွက်မယ့် လေယာဉ်က နေ့လယ်မှပါ။ ညနေ ငါးနာရီ ထိုးခါနီးလောက် အချိန်ကျမှ ရန်ကုန်ကို လေယာဉ်ဆိုက်ပါမယ်။

ခရီးက ကြာလွန်းတော့ ကျွန်တော့်အတွက် ကိစ္စမရှိပေမယ့် ကလဲရာ အတွက် အတော်လေး ပျင်းစရာကောင်းမှာပဲ။ ဒီလောက် မိုင်ထောင်ချီ သွားရတဲ့ ခရီးဝေးဟာ သူ့အဖို့ ပထမဆုံး အတွေ့အကြုံပါ။ ခါးညောင်းအောင် လေယာဉ် စီးရဦးမယ် ဆိုတာ သူ မသိသေးလို့သာ ဂျီမကျသေးတာလေ။ လောလောဆယ် ဘာဘီအရုပ်မကို ခေါင်းဖြီးပေးလိုက်၊ ဆံပင်စည်းပေးလိုက်နဲ့ သူ့မှာ တစ်ယောက်တည်း အလုပ်တွေ ရှုပ်လို့။

သေချာကြည့်ရင် အရုပ်မနဲ့ ကလဲရာတောင် ရုပ်ချင်းဆင်သလိုပဲ။ ကလဲရာလည်း သူ့အရုပ်မလို ဆံပင်ရှည်ရှည်နဲ့ပါ။ လည်ကုပ်အထိ အလျားလိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ပြန့်ကျနေတဲ့ ဆံပင်ပျော့ပျော့လေးတွေဟာ သဘာဝအတိုင်းပဲ စင်းကျနေပါတယ်။ ကျွန်တော်သာ ဆံပင်အလှပြင်ပေးတတ်ရင် ကလဲရာဟာ ကလစ်ရောင်စုံလေးတွေနဲ့ဖြစ်ဖြစ်၊ ဖဲပြားလေးတွေနဲ့ ဖြစ်ဖြစ် လှနေမှာ။ အခုတော့ သူ့ဆံပင်တွေဟာ အထိန်းအကွပ်မရှိ လွင့်ချင်တိုင်း လွင့်လို့ပေါ့။ သမီး ကြိုက်မှာပဲဆိုပြီး ကျွန်တော် ဝယ်ပေးထားတဲ့ ခေါင်းစည်းကြိုးတွေဟာ အိပ်ရာဘေးက မှန်တင်ခုံရဲ့ အံဆွဲထဲမှာ ဒီအတိုင်းပဲ။ ရန်ကုန်ပြန်ရောက်ရင် သူ့ကို ဆံပင်ခပ်တိုတို ညှပ်ပေးဦးမလားလည်း စဉ်းစားမိသေးတယ်။ သေချာတယ်။ သူ အော်ငိုမှာ။

ကိုယ့်သမီးမို့ ကိုယ်ငါးချဉ် ကိုယ် ပြန်ချဉ်တာတော့ မဟုတ်ပါဘူး။ ကလဲရာဟာ သူ့အရွယ်နဲ့စာရင် ပိုပြီး ရင့်ကျက်သလို ရှိတယ်။ ဒါပေမဲ့ ကလေးဟာ ကလေးပဲ မဟုတ်လား။ နောက်လဆိုရင် သူ ငါးနှစ်ပြည့်တော့မယ်။ အနီးကပ်နေတဲ့ သွေးသားအရင်းအချာဆိုလို့ သူ့မှာ ကျွန်တော်ပဲ ရှိပါတယ်။ ဒါကို စဉ်းစားမိတိုင်း စိတ်မကောင်းလှဘူး။ သမီးခမျာ ဆွေရင်း မျိုးရင်းတွေနဲ့ ကြီးပြင်းခွင့် မရရှာဘူးလေ။ ရန်ကုန် ပြန်ရောက်ရင်တော့ သူ့ဘွားအေနဲ့ တွေ့ရတော့မယ်။ အမေဟာ သူ့မြေးကို လူချင်း မတွေ့ရခင် ကျွန်တော် ပို့ပေးတဲ့ ဓာတ်ပုံတွေ မြင်ရကတည်းက သူ့မြေး ကိုယ်အတိုင်းအထွာကို မှန်းပြီး မြန်မာဝတ်စုံလေးတွေ ကြိုချုပ်ပေးထားတယ်တဲ့။ ကလဲရာ ကျွန်တော့်ဘဝထဲကို ဝင်လာတော့မှ ကျွန်တော် လည်း အမေ့ မေတ္တာကို ပိုပြီး နားလည်လာမိတော့တယ်။

သမီးလေး။ ပိုးတုံးလုံးလေးလို ဖြူဥနုထွေးတဲ့ သမီးလေး။ နေသာပေမယ့် ရာသီဥတု အေးမြမြရှိဆဲ တစ်ခုသော နွေဦးမှာ ကျွန်တော်တို့ မိသားစုထဲကို သမီးလေး ရောက်လာခဲ့ပါတယ်။ ကျွန်တော်တို့ ခြံဝင်းထဲမှာ ဗီယိုနီ (Peony) ပန်းတွေ လှိုင်လှိုင်ပွင့်တဲ့ နေ့မှာ သူ့ကို မွေးခဲ့ပါတယ်။ အနီရောင်၊ အဖြူရောင်၊ ပန်းရောင်၊ အဝါရောင် အရောင်စုံပဲ ပွင့်ကြတာ။ ပုံမှန်ဆိုရင် ဧပြီနဲ့ မေလတွေမှာသာ အပွင့်တွေ ဝေဆာတတ်တဲ့ ဗီယိုနီဟာ သမီးလေးကို အကြို ထောက်ဖို့ အဲဒီနှစ်က မတ်လအကုန်မှာပဲ အပြိုင်းအရိုင်း ပွင့်ခဲ့ကြတယ်။

အမေ့ကို ပြောပြတော့ အမေက အဲဒါ မြန်မာလို စန္ဒြပန်းလို့ ခေါ်တယ်တဲ့။ ကျွန်တော်လည်း အမေ ပြောတော့မှ အဲဒီပန်း နာမည်ကို မြန်မာလို ကြားဖူးတော့တာ။ တရုတ်ပန်းချီကားတွေထဲမှာ ကျွန်တော် မကြာခဏ မြင်ဖူးခဲ့တဲ့ ဗီယိုနီပန်းကို သူတို့ယဉ်ကျေးမှုအရ ပန်းများဘုရင်လို့ သတ်မှတ်ကြပါတယ်။ တရုတ်လူမျိုးတို့က ဗီယိုနီကို စည်းစိမ်ကြွယ်ဝမှုနဲ့ ဂုဏ်ကျက်သရေ

mgyoe.com

အဖြစ် တင်စားကြတယ်။ ဘာပဲဖြစ်ဖြစ် ကလဲရာအတွက် နိမိတ်ကောင်းပဲ ဆိုပြီး ကျွန်တော် ကြည်နူးခဲ့ရတယ်။ ကျွန်တော့်ကို မွေးတုန်းက အမေလည်း ဒီလိုပဲ ခံစားခဲ့ရမှာ။

"မျက်နှာဖုံးစွပ်နဲ့ မွေးလာတော့လေ... သားက ကြီးလာရင် အောင်မြင် ကျော်ကြားတဲ့သူ ဖြစ်မှာ ဆိုပြီး အမေက ဝမ်းသာနေတာ"

ကျွန်တော့်ကို လာပြတဲ့ မွေးကင်းစ နီတာရဲသမီးလေးကို ကြည့်ရင်း အမေ့စကားသံကို အနီးကပ် ကြားယောင်မိတယ်။ မိဘဆိုတော့လည်း ကိုယ့် သားသမီးနဲ့ ပတ်သက်ရင် အင်မတန် အကောင်းမြင်ကြသူချည်းပါပဲလေ။ မွေးခန်းထဲက ထွက်လာကာစ ကလဲရာလေးရဲ့ ပါးနှစ်ဖက်ဟာ ချယ်ရီသီးလို နီနီရဲရဲ အိအိလေး။ တင်းတင်းစုထားနဲ့ နှုတ်ခမ်းသေးသေးလေးကလည်း အနီစွေးစွေး ပါပဲ။ ဆံပင်တွေကလည်း သန်လိုက်တာ၊ မည်းနက်မှောင်လို့။ ပြီးတော့ မျက်တောင်တွေကလည်း စင်းပြီး ရှည်နေသေးတယ်။ ကျွန်တော့်သမီးလေးဟာ ကြီးလာရင် တကယ့်ကို မိန်းမချောလေးတစ်ယောက် ဖြစ်မှာပဲ။

သမီးကို ဘယ်လောက်ချစ်ချစ် ကျွန်တော့်မှာ မထိရဲ၊ မကိုင်ရဲ၊ မချီရဲ၊ မပွေ့ရဲ ဖြစ်နေရတယ်။ ပန်းရောင်သမ်းနေတဲ့ သူ့အသားနုနုလေးတွေဟာ ကျွန်တော် ကိုင်လိုက်ရင်ပဲ ပဲ့ကြွေသွားတော့မလိုလို အစိုးရိမ် ကြီးမိတယ်။ ကောင်းတဲ့ အပြောင်းအလဲတစ်ခုက အဲဒီရက်ပိုင်း အမေ့ဆီ ခဏခဏ ဖုန်းခေါ်ခဲ့တာပေါ့။

ကျွန်တော်ဟာ အမေ့ကို စိတ်နာပြီး အချိန်တော်တော်ကြာအောင် အဆက်အသွယ် ဖြတ်ထားခဲ့ဖူးတယ်။ မြန်မာနိုင်ငံကို ဒုတိယအကြိမ် ပြန်သွားပြီးတဲ့ နောက်မှသာ ခပ်စိမ်းစိမ်းအနေအထားနဲ့ ပြန်ခေါ်ပြောဖြစ်ကြတာပါ။ ကလဲရာ လည်းရောက်လာကော၊ ကျွန်တော်တို့သားအမိအကြားမှာလည်း ရွှေလမ်း၊ ငွေလမ်း ပြန်ခင်းလာနိုင်ကော။ ဘယ်လောက်ထိ ကျွန်တော် ဆိုးသလဲ ဆိုရင်...တစ်ခါတလေ မအောင့်နိုင်ရင် ရန်ကုန်မှာ အမေ အိပ်နေချိန် ဆိုပေမယ့် မရမက ဖုန်းဆက်ပြီး သမီးအကြောင်းကို မေးဖြစ်တယ်။ ကလေးကလည်း ငယ်တုန်းအရွယ်မှာ အတော် လေး ချူချာတာ။ ကလေးကုဆရာဝန်နဲ့ ပြရင်လည်း ဖြစ်ပေမယ့် ဆောက်တည်ရာ မရ ဖြစ်ပြီး အကဲပို အသည်းပိုနေတဲ့ ကျွန်တော်ဟာ အမေ ဖျောင်းဖျမှ၊ အမေက ကလေးတွေ ဖြစ်တတ်တဲ့ သဘာဝကို အကြောင်းနဲ့ အကျိုး ယှဉ်ပြီး ပြောပြတော့မှ စိတ် သက်သာရာ ရတော့တယ်။

mgyoe.com

လသားအရွယ်တုန်းက ကျန်းမာရေး ဖျော့တော့သလောက် တဘောက်တောက် ပြေးနိုင်တဲ့အရွယ်လည်း ရောက်ရော... ကလဲရာ တော်တော်လေး မာမာချာချာ ရှိလာတယ်။ သန်လည်း သန်တယ်ဗျ။ ဘာပဲဖြစ်ဖြစ် အဖျားအနာ ကင်းကင်းနဲ့ ဆက်ပြီး ကြီးပြင်းလာနိုင်တာကိုပဲ ကျွန်တော့်မှာ ဝမ်းသာလှပါပြီ။ ကိုယ်ကာယ ကျန်းမာသလို ကျွန်တော့်သမီးလေးကို စိတ္တသုခလည်း ရှိစေချင်ပါတယ်။ အဓိကကတော့ မေတ္တာပေါ့။ ဆွေရယ် မျိုးရယ် ဝေးတဲ့ အရပ်ဒေသမှာ အနေကြာလာတော့ သမီးကိုလည်း ကျွန်တော့်လို အထီးကျန်စိတ်မျိုး မခံစားစေချင်ဘူး။

သူကလည်း ကလေးမို့သာ မပြောတတ်လို့နေမှာ၊ စိတ်မှာတော့ တောင့်တနေမှာပဲ။ "ဘွားဘွားဆီကို ပါးပါးတို့ အလည်သွားကြမယ်" လို့ ပြောလိုက်တဲ့ နေ့ကတည်းက ရန်ကုန်အပြန်ခရီးမှာ သူ ယူသွားချင်တဲ့ ပစ္စည်းပစ္စယတွေ၊ အရုပ်တွေ၊ ပုံကားချပ်တွေကို သူ့ဘာသာ ထည့်သိမ်းနေတော့တာပဲ။ မနေ့ညကတောင် "Five Old Grannies" ဆိုတဲ့ ကလေးသီချင်းကို အော်ဆိုပြီး အိပ်ရာပေါ်မှာ တက်ခုန်နေသေးတာ။ အတော်လေး ပျော်နေပုံပဲ။ ရန်ကုန်က ဘယ်နားမှာလဲလို့ သူ မေးလို့ ကျွန်တော့်မှာ မြေပုံကို ခဏခဏ လက်ထောက်ပြီး ပြောပြရတာ အခေါက်ပေါင်း မနည်းတော့ဘူး။

အမေရိကားကို ရောက်မှ မြန်မာနိုင်ငံကို ပြန်ဖြစ်တာ ဒါနဲ့ဆိုရင် လေးခေါက်ရှိပြီ။ အရင်သုံးခေါက်တုန်းကတော့ ကျွန်တော် တစ်ကိုယ်တည်းပေါ့။ ဒီတစ်ခေါက်တော့ သမီးလေး ကလဲရာ ပါလာပြီလေ။ အခုတစ်ခေါက် ခရီးမှာ ကျွန်တော် တွေ့ချင်တဲ့ အမျိုးသမီးနှစ်ယောက် ရှိပါတယ်။ တစ်ယောက်က အမေပါ။ နောက်တစ်ယောက်ကတော့ ဖြူပါ။

ဖြူကတော့ လေဆိပ်မှာ ကျွန်တော့်ကို လာကြိုမယ်လို့ ပြောထားပါတယ်။ ဒုတိယအခေါက် မြန်မာပြည်ကို ပြန်တုန်းကလည်း ဖြူပဲ လာကြိုခဲ့တာပါ။ အခုတစ်ခေါက် အပါအဝင် လေးခေါက်စလုံး ပြည်တော်ပြန်ခရီးမှာ ဖြူဟာ အရေးပါတဲ့ အခန်းကဏ္ဍမှာ အမြဲတမ်း ရှိနေခဲ့တယ်။ ပထမအခေါက်တုန်းကတော့ သူနဲ့ ကျွန်တော်နဲ့ စပြီး သိကျွမ်းခဲ့၊ မိတ်ဆွေဖြစ်ခဲ့တဲ့ ခရီးလို့ ဆိုရမှာပဲ။

အဲဒီနေ့တုန်းက ဖြူဟာ ဇေဒါရောင် ရိုးရာဝတ်စုံလေးနဲ့။ ရှမ်းဝတ်စုံလား၊ ရခိုင်ဝတ်စုံလား။ ဘာဝတ်စုံလည်းတော့ ကျွန်တော် မပြောတတ်ဘူး။ ဘာပဲဖြစ်ဖြစ်ပါ... သူ့ကို မြင်ရတာ မျက်စိအေးတယ်။ ကျောလယ်လောက် ရှိတဲ့

mgyoe.com

မည်းပြောင်နေတဲ့ သူ့ဆံကေသာကိုလည်း နောက်ဘက်မှာ ခပ်ရှိုးရှိုးပဲ စုချည်ထားပါတယ်။ အသားဖြူဖြူ ပုပုသေးသေးလေး ဆိုတော့ သူ့သွင်ပြင်ဟာ ရှိရင်းစွဲအသက်ထက် တော်တော်လေး ငယ်ပုံပေါက်နေတယ်။ သူ့ရဲ့ ဝဲဘက်မျက်ခုံးအပေါ်ဘက်မှာ အမာရွတ်သေးသေးလေးတစ်ခု ရှိတာကိုလည်း ကျွန်တော်မှတ်မှတ်သားသား ရှိခဲ့ပါတယ်။

ကျွန်တော့်နှမလေးနဲ့တောင် မျက်နှာကျချင်း ဆင်သလိုပဲ။ အဆက်အသွယ်ပြတ်နေတာ ရှစ်နှစ်ကျော်လောက် ရှိပါပြီ။ ကျွန်တော့်အပေါ် အတော်လေးသံယောဇဉ်ကြီးတဲ့ နှမပါ။ ကျွန်တော်ကတော့ သူ့အပေါ် ခင်တွယ်စိတ် နည်းပါတယ်။ မတွေ့တာ ကြာတော့လည်း တစ်ခါတလေ သတိရမိသလိုလိုပေါ့။

ကျွန်တော် အိမ်က ထွက်သွားပြီးကတည်းက ပြန်မတွေ့ဖြစ်တော့တဲ့ကျွန်တော့်နှမလေးဟာ အခုနေလောက်ဆိုရင် ဖြူ့လိုပုံမျိုးလေးများ ဖြစ်နေမလား မသိဘူး ဆိုပြီး တွေးမိတော့ ဖြူ့ကို ခဏခဏ ကြည့်နေမိတယ်။ သွက်သွက်လက်လက်နဲ့ သူ ဘာသာပြန်တာကို သဘောကျတာလည်း ပါပါတယ်။ ပြီးတော့သူက စကားပြောရင် အပြုံးလေးနဲ့ဗျ။ လှစ်ခနဲ သူ ပြုံးလိုက်တိုင်း သူ့သွားတက်ဖွေးဖွေးလေးကို လှမ်းမြင်ရတတ်တယ်။ ချစ်စရာကောင်းတဲ့ မိန်းကလေးပါ။ ဒါကို ကျွန်တော် ဝန်ခံပါတယ်။ ပြီးတော့ မမစုနဲ့ ယှဉ်ကြည့်ရင် ဖြူဟာ ထွင်းဖောက်မြင်လွယ်သူလို့ ပြောလို့ ရတယ်။ မမစုလို ညို့အားပြင်းတဲ့ အလှမျိုး မရှိဘူး။ ဒါပေမဲ့ မာနတော့ ကြီးပုံရတယ်။ ဒါ မမစုနဲ့ ဖြူနဲ့ ကွာတဲ့ အချက်ပဲ။ မမစုကျတော့ သူ့အလှကို ရှေ့တန်းတင်ပြပြီးသာ မာန်တင်းနေရတာ။ သိမ်ငယ်စိတ်ကအမြဲခိုအောင်းနေတာ သိသာပါတယ်။

❊ ❊ ❊

ဖြူနဲ့ မတွေ့ခင်မှာ ပါမောက္ခပေါလ်ရဲ့ပွဲအတွက် ကျွန်တော် ရန်ကုန်ကိုရောက်နေတာ လေးရက်လောက် ရှိနေပြီ။ တခြား ဘယ်ကိုမှ မရောက်ဖြစ်ပါဘူး။ မအားလို့လည်း ပါတယ်၊ သွားချင်စိတ် မရှိတာရော၊ သွားစရာ လာစရာ အကြောင်းကိစ္စမရှိတာကောကြောင့်ရောပေါ့။ ပေါလ်ရဲ့ ကိစ္စတွေ လိုက်လုပ်ပေးနေရတာနဲ့အချိန်ကုန်တာ များပါတယ်။

mgyoe.com

မနက်မိုးလင်းရင် ကျွန်တော်နဲ့ ပေါလ်တို့ ဟိုတယ်ကနေ ထွက်ကြပြီ။ ပြီးတော့ သူနဲ့ ကျွန်တော် အစည်းအဝေးတွေ၊ တခြား ချိန်းထားတာတွေဆီ တစ်ခုပြီး တစ်ခု သွားကြတယ်။ ရှေ့လုပ်မယ့် အလုပ်ကိစ္စတွေ အကြောင်း ဆွေးနွေးကြတယ်။ ပေါလ်က သုတေသနကျမ်းပြုပညာရှင် ဖြစ်သလို ကျွန်တော်တို့ အဖွဲ့အစည်းရဲ့ ဒါရိုက်တာဘုတ် အဖွဲ့ဝင်တစ်ယောက် ဆိုရင်လည်း မမှားပါဘူး။

ပေါလ်က ငှဲညှာတတ်သူပါ။ သူနဲ့အတူ အစည်းအဝေးတွေ လိုက်တက်ပြီး ကူညီပေးနေတဲ့ ကျွန်တော့်ကို ကြာတော့ အားနာလာပုံ ရပါတယ်။ တစ်ရက်မှာ သူနဲ့ အတူတူ အလုပ်လုပ်နေရင်း "မင်း မိသားစုဝင်တွေဆီ သွားချင် သွားပါလား" လို့ ကျွန်တော့်ကို ပြောလာပါတယ်။ ကျွန်တော် သူ့ကို ဘာမှ မတုံ့ပြန်ခဲ့ဘူး။ ခပ်ဆိတ်ဆိတ်နေရင်း ရောက်လာတဲ့ အီးမေးလ်တွေ ဖတ်နေလိုက်တယ်။ ပေါလ်ကို ဘာမှ စကားမပြန်လို့ ကျွန်တော့်အပြုအမူဟာ နည်းနည်း ရိုင်းချင် ရိုင်းမှာပေါ့။ အမှန်က အဲဒီအချိန်မှာ ကျွန်တော့်စိတ်တွေ ရှုပ်ထွေးနေတာ။ ကွန်ပျူတာ ဖန်သားပြင်ပေါ်မှာသာ အကြည့်က တည်နေတယ်၊ စိတ်ကတော့ အမေ့အိမ်နားမှာ တဝဲလည်လည်ပဲ။

ကုက္ကိုပင်တွေ စီတန်းနေတဲ့ လမ်းသွယ်လေး နှစ်ခုအကြားမှာ အမေ့အိမ် ရှိပါတယ်။ အိမ်ရှေ့က လမ်းဟာ ကျောက်ခင်းလမ်း ဆိုပေမယ့် မိုးရာသီ ကျရင် ရေလျှံတက်တယ်။ အဲဒီရေတွေဟာ တစ်ခါတလေ အိမ်ထဲကိုတောင် ဝင်လာတတ်သေးတာ။ မြောင်းရေနဲ့ မိုးရေ ရောနေတဲ့ ရေပြင်ကျယ်ဟာ ကျွန်တော့် လက်နဲ့ လုပ်ထားတဲ့ စက္ကူလှေလေး လူးလွန့်ပြီး သွားရာ အဏ္ဏဝါပေါ့။

အဲဒီ မြင်ကွင်းဟာ ကျွန်တော် ဘောလုံးကို ခပ်ပြင်းပြင်း ကန်တတ်တဲ့ အရွယ်၊ ပုဆိုးကို တရွတ်တိုက် ဝတ်တတ်တဲ့ အရွယ်၊ နှုတ်ခမ်းမွေးရေးရေး ပေါက်လာတဲ့ အရွယ်၊ အသံနည်းနည်း အောလာတဲ့အရွယ်မှာ ပြောင်းလဲသွားပါတယ်။ အမေ့ရဲ့ တစ်ထပ်ပျဉ်ထောင်အိမ်ရဲ့ အုတ်ဖိနပ်ဟာ ပိုပြီး မြင့်လာခဲ့တယ်။ သွပ်မိုးတွေဟာလည်း ပိုပြီး သစ်လာခဲ့တယ်။ ရန်ကုန်မြို့တော်ကြီးရဲ့ မြို့စွန်လို့ ပြောလို့ရတဲ့ ရပ်ကွက်မှာ ရှိတဲ့ အရင်တုန်းက သားအမိနှစ်ယောက်သာ နေခဲ့ဖူးတဲ့ အိမ်လေးဟာ အရောင်အဝါ လင်းလာခဲ့တယ်။ ခြံစည်းရိုးတစ်လျှောက်က ဖွန်ပန်းရုံဟာလည်း ပိုပြီး အနံ့သင်းလာတဲ့ အချိန်ပေါ့။ တစ်လောကလုံး သာယာစိုပြည်နေလိုက်တာ၊ "ကျွန်တော်မှ အပ" လို့ ဆိုရမှာပဲ။

mgyoe.com

လွန်ခဲ့တဲ့ ရှစ်နှစ်တုန်းက အမေမသိအောင် အိမ်ကနေ ကျွန်တော် ခိုးထွက်လာခဲ့ပါတယ်။ ဒီလို ထွက်သွားလိမ့်မယ်လို့ သူ ထင်ထားမှာ မဟုတ်ဘူး၊ နည်းနည်းလေးတောင် ရိပ်မိမှာ မဟုတ်ဘူး။ ကျွန်တော်ကလည်း အချိန်ကောင်း ကို သေချာရွေးပြီးမှ ထွက်ခဲ့တာ။ အိမ်ကနေ ထွက်လာတဲ့ အချိန်က မိုးတောင် မလင်းသေးဘူး။ လူသံ၊ ယာဉ်သံ တော်တော်လေး တိတ်ဆိတ်နေတဲ့ အချိန်ပေါ့။ အမေက မနက် ငါးနာရီခွဲဆိုရင် အိပ်ရာထပြီလေ။ အအိပ်ဆတ်တော့ ချိုးချိုး ချွတ်ချွတ်အသံတွေ ကြားရင်လည်း နိုးတတ်သေးတယ်။ အဲဒါကြောင့် သူ လုံးဝ အိပ်မောကျနေမယ့် အချိန်၊ မနက် သုံးနာရီလောက်ကို ရွေးပြီး ထွက်လာခဲ့တာ။

အချိန်က စောလွန်းအားကြီးတော့ လိုင်းကားတွေတောင် မလာသေးဘူး။ လမ်းထိပ် မှတ်တိုင်ဘေးက အုတ်ခုံပေါ်မှာ ထိုင်ရင်း မနက်လင်းချိန်ကို စောင့်ခဲ့ ရတယ်။ ခြင်တွေကလည်း ကိုက်လိုက်တာ။ ဘယ်လောက်ယမ်းယမ်း ကျွန်တော့် လက်မောင်းနှစ်ဖက်သာ ပြုတ်ကျသွားမယ်၊ သူတို့က မဖြုံရေးချ မဖြုံဆိုတဲ့ အထဲမှာ ပါတယ် ခင်ဗျ။

ဒီကြားထဲ ခွေးတွေကလည်း ဟောင်သေးတယ်။ အတင့်ရဲပြီး အနားကို ကပ်လာပြီး မာန်ဖီတဲ့ ခွေးမသား နှစ်ကောင်ကိုတော့ ခဲစာကျွေးပစ်လိုက်တယ်။ ခဲထိသွားတဲ့ ခွေးပိန်နှစ်ကောင်ဟာ တဂိန်ဂိန်အော်ပြီး ခပ်လှမ်းလှမ်းကို ပြေးသွား တယ်။ အဝေးကနေ ပေစောင်းစောင်းနဲ့ ချီကြွေနေသေးတာ။ သူတို့က အုပ်စု တောင့်တော့ ကျွန်တော်လည်း ခဲနဲ့ ကောက်ထုလိုက်ရော၊ နဂိုကထက် ပိုပြီး ဝိုင်းအုံ ထိုးဟောင်တော့တာပဲ။

ကျွန်တော့်မှာ စိုးရိမ်စိတ်နဲ့ အထိတ်ထိတ်အလန့်လန့် ဖြစ်ရတယ်။ အမေ နိုးသွားမှာလည်း ကြောက်တယ်။ ဒီအကောင်တွေရဲ့ မူမမှန်တဲ့ ဟောင်သံ ကြောင့် အိမ်နားနီးချင်းတွေ နိုးကုန်မှာလည်း ကြောက်တယ်။ လမ်းထဲက ကင်းတဲ စောင့်တဲ့ သူနဲ့ တွေ့မှာလည်း ကြောက်တယ်။ ကင်းလှည့်တဲ့ ရဲနဲ့ တိုးမှာလည်း ကြောက်တယ်။ အိမ်ပြေးတဲ့ သူဟာ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ခြေထောက် အပေါ် ကိုယ် ရပ်တည်နိုင်တဲ့ အရွယ်ရောက်ပြီ ဆိုပေမယ့် ဒီလို ခိုးကြောင်ခိုးဝှက် အလုပ်မျိုး ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မလုပ်ဖူးတော့ အတော်လေး အကြောက်စုံပါတယ်။

ကိုယ့်ကိုယ်ကိုယ် ကြွားပြောတာ မဟုတ်ပါဘူး။ ကျွန်တော်က အတန်း ပညာမှာလည်း တော်အောင် ကြိုးစားခဲ့၊ ရည်မှန်းချက်လည်း ကြီးခဲ့တဲ့သူ

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက်ပါ။ ဒါပေမဲ့ ဒီလိုရိုးသား ကြိုးစား ဖိုးသခွားဖြစ်ခဲ့တာဟာ ဆယ်ကျော်သက်ဘဝကို ကျွန်တော် စပြီး တိုးဝင်လာချိန်အထိပဲ ခံပါတယ်။ ပိုပြီး တိတိကျကျ ပြောရရင် အမေ သူ့ငယ်ရည်းစားနဲ့ နောက်အိမ်ထောင် ပြုလိုက်တဲ့ အချိန်အထိပဲပေါ့။

သားပဲ လူပျိုဖြစ်တော့မယ်၊ အမေဟာ ဘာလို့ ယောကျ်ား ထပ်ယူသလဲ ဆိုပြီး ကျွန်တော် ရှက်တယ်။ ကျွန်တော် သိပ်ကို ရှက်ခဲ့ပါတယ်။ အမေ့ကိုလည်း စိတ်နာတယ်၊ ပထွေးကိုလည်း စက်ဆုပ်တယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်ဟာ အိမ်မှာ သင်းကွဲငှက် ဖြစ်နေတော့တာပဲ။

နိုင်ငံရပ်ခြားကိုထွက်ပြေးခဲ့တာဟာ ကျွန်တော့်အတွက် မဟာစွန့်စားခန်းပဲ။ ဘယ်လိုအန္တရာယ်တွေ ရှိမယ် ဆိုတာ ကြိုမသိနိုင်ပေမယ့် ကိုယ် မပျော်ပိုက်တော့တဲ့ ရေအိုင်ငယ်ထဲမှာ ကျွန်တော် ဆက်ပြီး မရှင်သန်ချင်တော့ဘူး။ အမေ့ကို ပြောပြပြီး ခွင့်တောင်းရင် လုံးဝ ခွင့်ပြုမှာ မဟုတ်ဘူး ဆိုတာ သေချာတယ်။ အမေ ကျွန်တော့်ကို အသက်နဲ့အမျှ ချစ်တယ် ဆိုတာ ကျွန်တော် မသိလို့မှ မဟုတ်တာ။ သေသေချာချာ သိတာပေါ့။ ကျွန်တော် သိတတ်စ အရွယ်ကတည်းက ကျွန်တော့် ကမ္ဘာမှာ အမေတစ်ယောက်ပဲ ရှိခဲ့တာ။ ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်တော် စိတ်ရိုင်းဝင်နေတယ်ပဲ ဆိုကြပါစို့၊ အမေ့ကို ချစ်သလို၊ တစ်ဖက်ကလည်း အမေ့ကို နာကျင်စေချင်တယ်။ ကျွန်တော် ပုန်ကန်လိုက်ရလို့ အမေ နာကျင်သွားတာကို မြင်ချင်မိတယ်။ ဟုတ်ပါတယ်။ ကျွန်တော် တော်တော်ဆိုးခဲ့ပါတယ်။

မလေးရှားကို ထွက်ဖို့ ကျွန်တော် လှုပ်ရှားနေခဲ့တာတော့ ကြာပါပြီ။ အဆက်အသွယ်တွေ ရှာတယ်။ သွားဖူးသူတွေကို မေးမြန်းတယ်။ စိတ်ချရတဲ့ အလုပ်အကိုင်ကိုလည်း စနည်းနာနေခဲ့တာပဲ။ အမေကတော့ မရိပ်မိခဲ့ဘူးပေါ့။ သူ နောက်အိမ်ထောင်ပြုလိုက်လို့ အော်ဟစ်ပေါက်ကွဲခဲ့ဖူးတဲ့ သားဟာ အတောင်အလက်စုံတဲ့အထိ အခါကောင်းကို စောင့်ပြီး သူ့ရင်ကို စုံကန်သွားလိမ့်မယ်လို့ တွေးမိဟန် မတူဘူး။

အမေ သိသမျှက မြို့ထဲက ကုမ္ပဏီတစ်ခုမှာ ပုံမှန် ရုံးတက်၊ ရုံးဆင်းလုပ်နေတဲ့ ဘွဲ့ရပြီးခါစ သူ့သားလေးဟာ သာမန်ရုံးဝန်ထမ်းလေးပဲပေါ့။ အင်္ဂလိပ်စာကို အပြင်းအထန် လေ့လာနေတော့လည်း ဒီလိုရုံးသမား ဘဝကနေ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ရာထူးတိုးဖို့ အထောက်အကူ ဖြစ်အောင် ကြိုးစားနေတာပဲလို့ ခပ်ရိုးရိုး တွေးရှာမှာပါ။ ကျွန်တော် အိမ်ကနေ ထွက်သွားပြီးတဲ့ နောက်ပိုင်း

mgyoe.com

တစ်ခုချင်း အမေ နောက်ကြောင်းလှည့် ပိုက်စိပ်တိုက် စဉ်းစား ကြည့်ရင် လွန်ခဲ့တဲ့ သုံးလလောက်က သူ့ သုံးကျပ်သား ရွှေဆွဲကြိုး တစ်ကုံးနဲ့ လက်ကောက် နှစ်ရန် ပျောက်ခဲ့တာကို ပြန်ခြေရာကောက်မိမယ် ထင်ပါတယ်။

အမေ့ရဲ့ ချွေးနဲ့စာကို အဲဒီလို မသမာတဲ့နည်းနဲ့ ခိုးကြောင်ခိုးဝှက် လုပ်ခဲ့မိတာကို ကျွန်တော် တကယ်ပဲ စိတ်မကောင်းပါဘူး။ သူ့ရွှေထည် ပစ္စည်းလေးတွေ ပျောက်ခါစက အမေ့မျက်နှာလေး အိုနေတာကို မြင်ရတော့ အမေ့ဒူးကို ပြေးဖက်ပြီး အမေ့ပေါင်ပေါ်မှာ ငိုချချင်လိုက်တာ။

"ကျွန်တော် မှားသွားပါတယ် အမေရယ်" လို့ တတွတ်တွတ် တောင်းပန်လိုက်ချင်တာ။ ဒါပေမဲ့ အမေ့ယောက်ျားက "ပစ္စည်းဆိုတာ ပြန်ရှာလို့ ရတာပဲကွာ… ဒီလောက်ကြီး စိတ်ညစ်ခံမနေနဲ့၊ ငါ ပြန်ဆင်ပေးနိုင်ပါတယ်" ဆိုပြီး နှစ်သိမ့်ပေးနေတာကို မြင်ရတော့ "ထားလိုက်စမ်းပါကွာ… ငါယူတာ မှန်တယ်" ဆိုတဲ့ ညစ်ထေးတဲ့ အတွေးဆိုးက နောက်ဆုံးမှာ အနိုင်ယူသွားပါတယ်။

အမြဲလိုလို ကြည်လင်နေတဲ့ ကျွန်တော့်မျက်နှာ၊ ရပ်ကွက်ထဲမှာလည်း သားလိမ္မာအဖြစ် သတင်းမွှေးတဲ့ ကျွန်တော်ဟာ အဲဒီလူကြီးနဲ့ အမေ အိမ်ထောင်ပြုလိုက်တဲ့ နောက်ပိုင်းမှာ ၁၈၀ ဒီဂရီ လုံးဝ ပြောင်းလဲသွားပါတယ်။ သုန်မှုန်နေတဲ့ အချိန်က များပြီး မေးရင်လည်း ဖြေချင်မှ ဖြေတော့တယ်။ ပုန်ကန်ချင်တဲ့ စိတ်ပဲ ကြီးစိုးနေတော့တာ။ တစ်ဆိတ်ရှိရင် ရှုးရှူးရှားရှားနဲ့ ရန်လည်း ဖြစ်ချင်တယ်။ သွေးကြွတဲ့ အရွယ်ပေါ့။ ဒါပေမဲ့ ပညာရေးတော့ အထိခိုက် မခံခဲ့ပါဘူး။ ဟိုလူကြီးရဲ့ လောင်းရိပ်ကနေ ရုန်းထွက်နိုင်ဖို့က ရုန်းထွက်နိုင်လောက်တဲ့ အင်အားရှိထားဖို့ လိုတယ် ဆိုတာ ကျွန်တော် ရိပ်မိပါတယ်။ ကျွန်တော့်ရဲ့ မခံချင်စိတ်ကို နားလည်ရင်တော့ အမေ ကျွန်တော့်ကို ခွင့်လွှတ်နိုင်မှာပါ။

ကျွန်တော် အိပ်ရာထနေကျ အချိန်မှာ ကျွန်တော့်အသံကို မကြားရင် ကျွန်တော့်အိပ်ခန်း အခန်းဆီး စ ကို အမေ အသာလှပ် ကြည့်ပါလိမ့်မယ်။ မတွေ့ဘူးဆိုရင်လည်း အိမ်နားဝန်းကျင် ဟိုဟိုဒီဒီ ရှာပါလိမ့်ဦးမယ်။ အဲဒါမှ မတွေ့တော့ဘူးဆိုရင် အမေ ဒေါင်းတောက်အောင် ပူတော့မှာပါ။ နီးစပ်ရာ ကျွန်တော့်သူငယ်ချင်းတွေကို သူ လိုက်မေးမှာပဲ။ အဲ – ခြေရာခံလို့ရပြီ ဆိုတဲ့အချိန်လောက်ကျရင်တော့ ကျွန်တော်ဟာ ရန်ကုန်ကနေ ကွာလာလမ်ပူကို သွားတဲ့ လေယာဉ်ပေါ်မှာ ရောက်နေလောက်ပြီပေါ့။ အမေ ချုံးပွဲချ ငိုကောင်း ငိုလိမ့်မယ်။ ကျွန်တော့်နာမည်ကို တပြီးစိတ်ဆိုးမာန်ဆိုးနဲ့ အော်ချင် အော်လိမ့်ဦးမယ်။

mgyoe.com

mgyoe.com

ဘယ်လောက် ကြာမယ်မှန်းလည်း မသိ၊ ဘာမှလည်း မရေရာတဲ့ ခရီးဆိုတော့ ဖြစ်သင့်တာက ကျွန်တော် မသွားခင်မှာ အမေ့ခြေဖမိုးအစုံကို ဦးတိုက်ကန်တော့ သွားခဲ့သင့်တယ် မဟုတ်လား။ ဒါပေမဲ့ မဖြစ်နိုင်တော့ဘူး။ အဲဒီအခွင့်အရေးကို ကျွန်တော် မရနိုင်တော့ဘူး။ ကျွန်တော် မော့ကြည့်မိတဲ့ ကောင်းကင်မှာ လဆုတ်ရက်မို့ အပြည့်အဝ မလင်းသာတော့တဲ့ လခြမ်းပိန်လေးဟာ အနောက်ဘက်ကို တဖြည်းဖြည်း ယွန်းနေပါပြီ။ "အမေ" လို့ ကျွန်တော် ခပ်တိုးတိုး တလိုက်မိတယ်။ ပြီးတော့ ပါးပြင်တစ်လျှောက် လိမ့်ဆင်းလာတဲ့ မျက်ရည်ကို လက်ဖဝါးနဲ့ ခပ်ကြမ်းကြမ်း ဖိသုတ်ရင်း ပြန်အားတင်းလိုက်တယ်။

အမေနဲ့ ပတ်သက်ပြီး မပြေလည်တဲ့ အကြောင်း၊ အိမ်ကနေ ထွက်ပြေးလာဖူးကြောင်းပေါလ်ကို အရိပ်အမြွက် ပြောပြဖူးပါတယ်။ သူဟာ ကျွန်တော့်အဖို့ ဆရာသမားလည်း ဟုတ်၊ ဖခင်သဖွယ် အားကိုးရတဲ့ သူလည်း ဟုတ်လို့ ဆိုရမှာပဲ။ ကျွန်တော့်ကို အတော်လေး နားလည်ပေးတယ်။ အဲဒါကြောင့်လည်း ရန်ကုန်ရောက်နေတုန်းမှာ အမေ့ဆီကို သွားဖို့ ကျွန်တော့်ကို သူ တိုက်တွန်းတာပေ့ါ။

ကျွန်တော် သူ့ကို ဘာမှ ပြန်မပြောဘဲ ငြိမ်နေပေမယ့် တကယ့်အတွင်းထဲမှာ ကျွန်တော် စိတ်တွေ ဘောင်ဘင်ခတ်နေတာကို သူ ရိပ်စားမိမှာပဲ။ အဲဒါနဲ့ သူက လှမ်းပြောတယ်။ ပြောတာကလည်း စသလိုနောက်သလို၊ အတည်လိုလိုပါ။

"အောင်... ရေ၊ ငါတို့ ကလေးတွေ ငယ်ငယ်တုန်းက ငါနဲ့ ငါ့ဇနီးကြားမှာ သဘောတူညီချက် တစ်ခု ထားထားတယ်။ ညပိုင်းမှာ အဖေက ကလေးတွေကို ပုံပြင်ပြောပြီး ချော့သိပ်ရင် မနက်စာကို အမေက ပြင်ပေးရမယ်။ အမေက ပုံပြင်ပြောပေးရင်တော့ မနက်စာ ပြင်ပေးရမယ့် သူက အဖေ့အလှည့်ပေ့ါ။ တာဝန်တစ်လှည့်စီ ယူကြတော့ မနက်စာ ပြင်ပေးဖို့ ကိုယ့်အလှည့်ကျပြီ ဆိုရင် ဘယ်လိုလေး ကောင်းအောင် လုပ်ပေးလိုက်မယ် ဆိုတာမျိုး တွေးပြီး စိတ်လှုပ်ရှားရတာပဲ။ သေချာတာ တစ်ခု ရှိတယ် အောင်။ ငါ့မိန်းမ ပြင်ပေးတဲ့ မနက်စာကို စားခွင့်ရတဲ့ နေ့ဆိုရင် အဲဒီတစ်နေ့တာလုံး ငါ အကောင်းမြင်စိတ် များနေတတ်တယ်။ အမျိုးသားတွေရဲ့ အတ္တကြီးမှု လို့ပဲ ဆိုချင်ဆို၊ တကယ်က အဲဒါ ချစ်ခြင်း မေတ္တာကို တောင့်တတာပဲကွ။ မင်းလည်း မနက်စာ ပြင်ပေးမယ့် အိမ်သူသက်ထားကို အမြန်ရှာချင်ရှာ၊ ဒါမှမဟုတ် မင်းအမေ အိမ်ကို ပြန်ပြီး မင်းအမေ ချက်ပြုတ်ကျွေးတာကို စားပေ့ါကွာ"

mgyoe.com

ပေါလ်တို့ အိမ်ထောင်မှာက လင်နဲ့မယား ဘက်မျှပြီး တာဝန် ယူလို့ရတဲ့ အနေအထားပါ။ ကျွန်တော့်ငယ်တဝမှာတော့ အမေသာလျှင် ကျွန်တော့်ကို ပုံပြောပြီး ချော့သိပ်သူ၊ အမေသာလျှင် ကျွန်တော့်အတွက် မနက်စာကော၊ နေ့လယ်စာကော၊ ညစာကိုကော ပြင်ဆင် ချက်ပြုတ် ကျွေးမွေးသူပါ။ ပြီးတော့ အမေဟာ ဟင်းချက်လည်း အတော်လေး ကောင်းပါတယ်။

ပေါလ် အစဖော်ပေးလို့ အမေ့ကိုလည်း ပိုပြီး လွမ်းသွားသလို၊ အမေ့လက်ရာကိုလည်း စိတ်မှန်းနဲ့ အာရုံခံရင်း သွားရည်ကျလာပါတယ်။ ဒါပေမဲ့ ဘာလို့လဲ မသိဘူး။ ကျွန်တော် ရှက်နေတယ်။ အိမ်ပြန်ရမှာကိုပဲ လက်နက်ချ အညံ့ခံလိုက်ရသလို ကျွန်တော် ရှက်နေတယ်။ "အမေရေ… ကျွန်တော် ပြန်လာပြီ" ဆိုပြီး ရုပ်ရှင်ဇာတ်ကားတွေထဲကအတိုင်း ခရီးဆောင်အိတ်ကြီးကို လွယ်ရာကနေ အောက်ကို ဗုန်းခနဲ ပစ်ချလိုက်၊ ပြီးတော့ အမေ့ကို ပြေးဖက်၊ အမေကလည်း "သား" ဆိုပြီး မျက်ရည်တွေကြားက အားရပါးရ ပြုံးပြီး ကျွန်တော့်ကို ပြေးဖက်။ ဟာဗျာ… တွေးရင်းနဲ့တောင် ရှက်ပါတယ်။

❀ ❀ ❀

ကျွန်တော်နဲ့ ဖြူနဲ့ ပထမဆုံးအကြိမ် စပြီး တွေ့ကြတုန်းက အဲဒီညနေမှာ နှစ်ယောက်သား အတူတူဘုရားသွားကြတာ အမှတ်တရပါပဲ။ ပေါလ်ကတော့ အလုပ်ကိစ္စရှိသေးတယ် ဆိုပြီး နေရစ်ခဲ့တယ်။ ဘုရားမှာ သူ့အကြောင်း ကိုယ့်အကြောင်းပြောရင်း အမေ့အကြောင်း စကားဟမိတော့ ဖြူဖြောင်းဖျခဲ့တာကိုလည်း ကျွန်တော် မမေ့ပါဘူး။

ဘုရားကို ရောက်ရောက်ချင်းမှာ ကြာသပတေးဒေါင့်ကို သွားပြီး ရေသပ္ပာယ်ကြပါတယ်။ နောက်ရက်ဆိုရင် ဖြူ့မွေးနေ့လေ။ လေတိုက်လွန်းလို့ ဖြူ့ဆံနွယ်စတွေဟာ ခပ်ရိုင်းရိုင်း လွင့်နေတယ်။ မျက်နှာပေါ်ကို ကပိုကရို ကျလာတဲ့ ဆံစတချို့ကို သပ်တင်ရင်း ဖြူဟာ ရေတစ်ခွက်ပြီး တစ်ခွက် လောင်းနေခဲ့တယ်။ ကျွန်တော်ကတော့ ခပ်လှမ်း လှမ်းက ကြည့်နေရတာပေ့ါ။ ရေသပ္ပာယ်ပြီး သွားတော့ ကျွန်တော့်အနားကို ပြန်လာတဲ့အခါ နေပူခံကျောက်ပြားပေါ်မှာ ဖိတ်စဉ်နေတဲ့ ရေကွက်တွေကို ရှောင်ရင်းလွှဲရင်း ချော်မလဲအောင်လို့ သူ့လုံချည်

mgbe.com

စလေးကို လက်တစ်ဖက်နဲ့ အသာမပြီး ခြေကလေး ကြွကာကြွကာ လမ်းလျှောက်လာတဲ့ ပုံကိုလည်း ခုထက်ထိ ကျွန်တော် မှတ်မိဆဲပဲ။

"ခင်ဗျားဟာက ဘယ်နှခွက်တောင် လောင်းနေတာလဲ" လို့ ကျွန်တော်က မေးတော့ သူ ဖြေပုံက "၃၄ ခွက်လေ။ တစ်နှစ် ပိုတွက်ရတော့ တစ်ခွက် ပိုရတာပေါ့" တဲ့။ ဒီအတိုင်းဆိုရင် ဒီနှစ် မွေးနေ့ကျရင် ဖြူဟာ ဘုရားကို ၄၃ ခွက် ရေသပ္ပာယ်နေမလား မသိဘူး။ အမှတ်တရတွေက ကိုးနှစ်နီးပါးစာ ရှိခဲ့ပြီလေ။ ပြီးတော့ သူ့အမေအတွက် ဆိုပြီး နောက်ဂြိုဟ်တိုင်တစ်ခုကို ထပ်သွားပြန်ရော။ ကျွန်တော့်အဖို့တော့ ရေချိုတွေကို ဖြုန်းတီးပစ်နေတာပဲလို့ ယူဆပေမယ့် သူ့ယုံကြည်မှုနဲ့ သူမို့ ဘာမှ မဝေဖန်ပါဘူး။ ဒီအတိုင်း အသာလေးကြည့်ပြီး စောင့်နေပေးလိုက်တာပဲ။

ကျွန်တော် ဖြစ်ပျက်နေပုံကို သူက ရိပ်မိလို့ ထင်ပါတယ်။ အဲဒီလို အမှတ်ပေးမိပြန်ရင်လည်း သူက သူ့ရဲ့ လူကဲခတ်ပညာကို အမွှမ်းတင်ပြန်ဦးမယ်။ ဘာလဲဆိုတော့ ကျွန်တော့်ကို ကြည့်ပြီး ဖြူက ပြောတယ်။

"ဒီလို ရေလောင်းပြီး သပ္ပာယ်တယ် ဆိုတာ ဗွမ်း ဗွမ်းလို့ လောင်းလိုက်တာမျိုး ဘယ်ဟုတ်မလဲ။ အေးချမ်းပါစေလို့ မေတ္တာပို့ရတာပေါ့။ ကိုယ့်ကိုယ်ကိုယ်လည်း မေတ္တာထားရတယ်၊ တစ်ပါးသူကိုလည်း မေတ္တာထားရတယ်... ရေဖြုန်းရာ ရောက်မှာစိုးလို့ ကျွန်မက စတိ... ဟောသလောက် နည်းနည်းလေး... နည်းနည်းလေးပဲ လောင်းတာ"

လက်ညှိုးအဖျားလေးကို လက်မနဲ့ တောက်ပြီး "ဟောသလောက် နည်းနည်းလေး" လို့ သူ လုပ်ပြပုံကို ကျွန်တော် သဘောကျလွန်းလို့ ရယ်မိသေးတယ်။ အဲဒီတော့လည်း မယ်မင်းကြီးမက မျက်စောင်းထိုးပြန်ရော။

ဖြူဟာ ခေါင်းမာတဲ့ အမျိုးသမီး ဖြစ်မှာပဲလို့ သူနဲ့ စကားစပြောဖူးကတည်းက ကျွန်တော်က ကြိုပြီး မှန်းထားခဲ့တယ်။ ထင်ထားတဲ့အတိုင်းပဲ၊ အငြင်းလည်း သန်တယ်။ ပြောရရင် သူ ငြင်းပုံက ကလေးဆိုးကြီးနဲ့ အတော်တူတာ။ ပြီးတော့ သူ့ကိုယ်သူလည်း နည်းနည်း အထင်ကြီးပုံပဲ။ ဘယ်လို ပြောမလဲဗျာ။ သူပြောတာမှ အမှန်ဆိုပြီး တင်းခံငြင်းတဲ့ သူမျိုးလေ။ ဟာသဉာဏ်တော့ ရှိပုံပေါ်ပါတယ်။ ရယ်စရာ ပြောတတ်တဲ့ မိန်းကလေးတွေကို သဘောကျပေမယ့် လေပေါတဲ့ မိန်းကလေးတွေကိုတော့ ကျွန်တော် မကြိုက်ဘူး။ ခက်တာက ဖြူဟာ အဲဒီနှစ်မျိုးလုံး ရောနေတယ်။ ဘယ်တတ်နိုင်မလဲ... သည်းခံရတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ကိစ္စတွေ ပြီးတော့ ဖြူက ကျွန်တော့်ကို မေးတယ်။

"ပေါလ်က ပြောတော့ မနက်ဖြန်ညနေ ရှင်တို့ ပြန်ကြမှာဆို... ဒါဆို ရှင့်မွေးနေ့က လမ်းမှာပဲ ဖြစ်မှာပေါ့"

"အင်းလေ"

ကျွန်တော်လည်း သူ့ကို တမင် စချင်တာနဲ့ "ခင်ဗျားက ကျွန်တော့်အတွက်ကျတော့ ရေသပ္ပာယ်ပြီး ဆုမတောင်းပေးပါလား၊ ကျွန်တော်က ရေခြားမြေခြားမှာ တစ်ယောက်တည်း နေရမှာ" လို့ ပြောတော့ "ရှင့်ဘာသာရှင်လည်း လောင်းသွားလို့ ရတာပဲ" ဆိုပြီး ခပ်ဂျစ်ဂျစ် ပြန်ဖြေတယ်။

"ရှင့်မိသားစုတွေကရော ရှင့်ကို တစ်ခုခု မလုပ်ပေးဘူးလား" တဲ့။ သူ့ဘာသာ မေးပြီးမှ တပါးသူရဲ့ကိုယ်ရေးကိုယ်တာကို စပ်စုသလိုဖြစ်သွားတော့ အားနာပုံနဲ့ "ဆောရီး" လို့ ပြောရှာတယ်။

ကျွန်တော့်အတွက် ပြောပြဖို့ ခဲယဉ်းတဲ့ ကိစ္စမှ မဟုတ်တာ။ ဒါပေမဲ့ များသောအားဖြင့် ပြန်မပြောချင်တော့ဘူး။ အဟောင်းတွေ အသစ်မဖြစ်ချင်တော့ဘူးလေ။ ဖြူ့ကိုတော့ ဘာကြောင့်လဲ မသိဘူး။ အဲဒီနေ့က အရိပ်အမြွက် ပြောဖြစ်သွားတယ်။

ဖြူ့ကို ကျွန်တော်က အိမ်က မိသားစုနဲ့ သိပ်မတည့်တဲ့အကြောင်း၊ အမေက ကျွန်တော့်အတွက် ဘာမှ လုပ်ပေးမှာမဟုတ်သလို ကျွန်တော် လုပ်ပေးသမျှကိုလည်း အကောင်းမြင်မှာ မဟုတ်တဲ့အကြောင်း အနည်းအကျဉ်းလောက်ပေါ့။ အခုမှ သိခါစ အမျိုးသမီးတစ်ယောက်ကို အမျိုးသားတစ်ယောက်က သူ့အကြောင်း ပြောပြချင်တာ ဘာကြောင့် ဖြစ်နိုင်မလဲ။ နောက်တော့မှ ဖြူနဲ့ ကျွန်တော့်အကြောင်းတဖြည်းဖြည်းပြန်စဉ်းစားရင်းကျွန်တော်လည်းသိသလိုလို ရှိလာတာ။ ဒါဟာ မမြင်သာတဲ့ အတွင်းသဘောတွေပါ။ ကျွန်တော် ပြောတော့ ဖြူက ဘယ်လို ပြန်နှစ်သိမ့်တယ် ထင်လဲ။ အတော်လေးရယ်ရတဲ့ ဟာသကို ပြောပြတာဗျ။

"ရှင့်အမေက ရှင့်အပေါ် အဲဒီလို သဘောထားတာလည်း ဟုတ်ချင်မှ ဟုတ်မှာပါ။ တချို့ကိစ္စတွေက ကိုယ်ထင်ထားသလို မဟုတ်ပေမယ့် ကိုယ်မထင်ဘားတဲ့ပုံစံနဲ့ ကိုယ့်ကို ကျေးဇူးတင်တာမျိုး၊ အသိအမှတ်ပြုတာမျိုးလည်း ရှိမှာပဲ။ ရှင် ကြားဖူးလားတော့ မသိဘူး... ဟာသတစ်ပုဒ် ရှိဘယ်လေ"

mgyoe.com

mgyoe.com

"ဟင့်အင်း.. မကြားဖူးပါဘူး... ခင်ဗျားပဲပြောတော့"

ကျွန်တော်က "ပြောလေ" ဆိုတဲ့ သဘောနဲ့ မေးဆတ်ပြတော့ သူက မဆိုစလောက် နှုတ်ခမ်းစူသွားသေးတယ်။

"ပြောတောင်မပြောရသေးဘူး...မကြားဖူးဘူး ဆိုတော့...ဒါသက်သက်မဲ့ ရွဲ့တာပဲ"

ကဲ...မိန်းမတွေ မခက်လား။ ဒါပေမဲ့ သူ့ရဲ့ ဟာသကို ပြောပြခဲ့ပါတယ်။ ပြောပြန်တော့လည်း ကျွန်တော် ရယ်တာက နည်းနည်း၊ သူ့ဟာသကို သူ့ဘာသာ ပြန်ရယ်နေတာက များများ။

"တစ်ခါတုန်းက အသက်ကြီးကြီးအမယ်ကြီးတစ်ယောက်မှာ အရမ်း ချမ်းသာတဲ့ သားသုံးယောက် ရှိတယ်တဲ့။ သူ့သားတွေဟာ ကမ္ဘာပေါ်မှာ အချမ်းသာ ဆုံးတွေချည်းပဲတဲ့"

"ဘီလ်ဂိတ်လည်း ပါမှာပဲနေဉ်" လို့ သူ့ကို ရွတ်နောက်နောက် ပြောချင် စိတ်တွေ ကျွန်တော့်မှာ မျိုချထားရတယ်။

"သားအကြီးဆုံးက မြေပေါ်မှာ ရှိတဲ့ သယံဇာတတွေ အကုန်ပိုင်သတဲ့။ သစ်တောတို့၊ တိုက်တာအိုးအိမ်တို့ အကုန်ပေါ့။ သားအလတ်ကျတော့ မြေအောက် က သယံဇာတတွေကို ပိုင်တာ... သိလား... တွင်းထွက်တွေလေ... မြွေတို့၊ ကြွက်တို့ တော့ မပါဘူး။ သားအငယ်ကျတော့ ရေအောက်သယံဇာတတွေ ပိုင်တယ်တဲ့။ တစ်နေ့ကျတော့ အဲဒီ အမယ်ကြီးရဲ့ မွေးနေ့ ရောက်လာရော။ အမယ်ကြီးက အတော်အသက်ကြီးပြီ။ သားအကြီးဆုံးက သူ့အမေ မွေးနေ့မှာ အခြွေအရံအပြည့် ပါတဲ့ တိုက်အကြီးကြီးတစ်လုံးကို လက်ဆောင်ပေးတယ် တဲ့။ သားအလတ်ကျ တော့ စိန်စီထားတဲ့ အကောင်းစား ကားတစ်စီး အမေကို ပေးတာ။ သားအငယ် ဆုံးကျတော့ သူ့အမေ့အတွက် သမ္မာကျမ်းစာ ဖတ်တတ်တဲ့ ကြက်တူရွေး တစ်ကောင် လက်ဆောင်ပေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေက အသက် ကြီးပြီ ဆိုတော့ ဘုရား၊ တရားလုပ်ဖို့၊ တရားစာအုပ် ဖတ်ပြဖို့ ဘေးမှာ အကူ တစ်ယောက် လိုတယ်လေ...အဲဒီမှာ အမယ်ကြီးက ဘယ်သားကို ကျေးဇူးအတင် ဆုံးလဲ သိလား"

"ဒါများ လွယ်လွယ်လေး... မူကြိုကလေးကို သွားမေးတောင် ဖြေတတ် တယ်... ပုံပြင်တွေရဲ့ သဘောသဘာဝအရ သားအငယ်ဆုံးကိုပဲ အမယ်ကြီးက

mgyoe.com

mgyoe.com
SAMPLE BOOK


ကျေးဇူးတင်မှာပေါ့... ခင်ဗျားမှာ ဒီ့ထက် ပညာသားပါတဲ့ ပုံပြင်တွေ၊ မေးစရာတွေ မရှိတော့ဘူးလား”

“အေး... ရှင်ပြောတာ မမှားဘူး... ဒါပေမဲ့ အပြည့်မမှန်ဘူး သိလား... ရှင် ထင်ထားသလို အမယ်ကြီးက သားအငယ်ကို ကျေးဇူးတင်တာတော့ ဟုတ်တယ်။ သားအကြီးကိုကျတော့ သားရယ်... အမေက အသက်ကြီးပြီ ဆိုတော့ ဘယ်လောက်ပဲ ကျယ်ဝန်း ခမ်းနားတဲ့ အိမ်ကြီးဖြစ်ပါစေ... အမေ နေရာကနေ မရွေ့နိုင်တော့ဘူး တဲ့၊ အဲဒီလိုပဲ သားအလတ်ကျတော့ ကားကြီးက ကောင်းပေမယ့် အမေ့မှာ ဘယ်မှ သွားစရာ မရှိပါဘူး ဆိုပြီး ငြင်းတယ်။ သားအငယ်ဆုံးကျတော့ လေ... ရှင် ပြောသလိုပဲ... အမယ်ကြီးက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်တာ... သားငယ်ရေတဲ့... မင်း ပေးလိုက်တဲ့ မွေးနေ့လက်ဆောင်က အမေ့အတွက် အသုံး အကျဆုံးပါပဲတဲ့။ ဘာလို့လဲဆိုတော့ ငှက်ကို စွပ်ပြုတ်လုပ် သောက်လိုက်တော့ အမေ အတော်အားရှိသွားတယ်လေ တဲ့”

ဖြူဟာ သူ့ဟာသကို သူ့ဘာသာ ပြောလည်း ပြော၊ ရယ်လည်း ရယ်ပဲ။ ဘယ်လောက်အထိတောင် သူ ရယ်သလဲ ဆိုရင် သူ့မျက်လုံးတွေတောင် မှေးကျဉ်း သွားတဲ့အထိကို ရယ်တယ်။ ညနေ နေမှုန်နေခိုက် လေတဖြူးဖြူး အချိန်မှာ သူ့ရယ်သံဟာ စေတီပေါ်က ဆည်းလည်းသံတွေနဲ့ အပြိုင် လွင်စည်နေတာပဲ။ ဟန်ဆောင်ပန်ဆောင် ရယ်တာ မဟုတ်တော့ သူ့သွားတက်ဖွေးဖွေးလေးတွေ တလက်လက်ဝင်းနေတာကိုလည်း မြင်ရပါတယ်။

ကျွန်တော်လည်း စိတ်ကြည်နေတာနဲ့ “ခင်ဗျားက ရယ်တော့လည်း ပါးစပ်ကြီးနဲ့ ရယ်တာပဲနော်” လို့ စလိုက်မိတယ်။ ချက်ချင်းပဲ သူ့မျက်စောင်း လှဲ့လှဲ့ဟာ ဒိုင်းခနဲ ရင်ဘတ်ကို လာမှန်ပါတော့တာပဲ။ ပါးစပ်ပြဲပေမယ့် ရယ်သံ လေးက ချစ်စရာကောင်းလို့ တော်ပါသေးရဲ့။

ကျွန်တော်လည်း ရယ်တာပဲ။ တကယ်ပါပဲ။ ဖြူ့ဟာသကြောင့် ခုနက စိတ်မပျော်တာတွေတောင် ပျောက်ပါးသွားရတယ်။ အဲဒီလို ဖြူဖြူစင်စင်နဲ့ပဲ ကျွန်တော် တို့ စပြီး ရင်းနှီးခဲ့ကြတာပါ။ အဲဒီနေ့က ဘုရားကို လက်ယာရစ်ပတ် ပူဇော်ပြီး တဲ့နောက် ပြန်ခဲ့ကြပါတယ်။ အလာတုန်းက ဖြူက သူ့ကားကို မြောက်ဘက်မုခ်မှာ ရပ်ထားခဲ့တယ်၊ အပြန်မှာ ဓာတ်လှေကားက လူများတော့ စောင့်ရတာ သူ စိတ်ရှည်ပုံ မရဘူး။ “လမ်းလျှောက်ဆင်းကြမလား” လို့သူကပြောတာနဲ့ မြောက်ဘက်စောင်းတန်း တစ်လျှောက် ကျွန်တော်တို့ လမ်းလျှောက် ဆင်းခဲ့ကြပါတယ်။

mgyoe.com

mgyoe.com

ဘာပဲဖြစ်ဖြစ် ခင်မင်ရတဲ့ အထိမ်းအမှတ်အနေနဲ့ ကျွန်တော် သူ့ကို တစ်ခုခု လိုက်ကျွေးချင်ပါတယ်။ စကားဆက်ပြောချင်စိတ် ပါတယ် ဆိုတာလည်း ဝန်ခံပါတယ်။ ဒါပေမဲ့ အဲဒီတစ်ညနေလုံး ကျွန်တော်ဟာ သူ့ရဲ့ ဆရာမကြီး လေသံအောက်မှာပဲ နာခံနေရတဲ့ တပည့်လိုလို ဖြစ်နေခဲ့တာ။ အတော်လေး ဘူနေပြီပေါ့ဗျာ။

ကျွန်တော့်ဘက်ကလည်း သူ့ကို ပြန်ပြီး ခေါင်းစားပေးလိုက်ချင်သေးတာ။ သူနဲ့ စကားပြောကြည့်ရသလောက် ဖြူဟာ သူ့ကိုယ်သူ အမြဲတမ်း မှန်တယ်လို့ ထင်ချင်နေတဲ့သူမျိုး မဟုတ်လား။ သူ့လောက်တော့ ကျွန်တော်လည်း ကတ်သီးကတ်သတ် လုပ်တတ်ပါတယ်။

"ခင်ဗျားကို ကျွန်တော် ညစာကျွေးမလားလို့ စဉ်းစားတာပဲ... ဒါပေမဲ့ ခင်ဗျားချည်း ပြောနေတာ... ခင်ဗျားလည်း ကျွန်တော် မေးတာကို ကြိုးစားပြီး ဖြေမလား"

"လာလာချည်သေး... ဘာများ မေးမလို့လဲ... တမင်ညစ်ပြီး မေးတာမဟုတ်ရင်ကျွန်မဖြေနိုင်မှာပဲ...ဟောဒီမယ်...ကျွန်မရှုံးရင်လေ...ကျွန်မကတောင်ရှင့်ကို ပြန်ကျွေးလိုက်ဦးမယ် သိလား"

"ကျွန်တော်ကတော့ တမင်မညစ်ပါဘူး... ဒါပေမဲ့ ခင်ဗျားက ဉာဏ်မီဦးမှကိုး"

"ဘာရယ်.... လာသေးတယ် သာအေးရယ်... ကဲ ... မေးစမ်းပါဦး ရှင့်မေးခွန်း"

ကျွန်တော် မှန်းထားတဲ့အတိုင်း နည်းနည်းမှ မလွဲဘူး။ သူဟာ စလို့နောက်လို့ သိပ်ကောင်းတယ်။ သူ့ကိုယ်သူ အထင်ကြီးတယ်။ တုံ့ပြန်တာလည်း မြန်တယ်။ သူ့ဖြစ်ပုံကို ကြည့်ပြီး ကျွန်တော့်မှာ သဘောကျနေရတယ်။ ကျွန်တော့်ထက် အသက်တစ်ရက်သာ ကြီးတယ် ပြောတယ်။ တကယ်က ကျွန်တော့်ထက်ငယ်တဲ့ နှမလေး ဖြစ်သင့်တာ။

"မေးမယ်နော်... လူနှစ်ယောက် မီးခိုးခေါင်းတိုင်ကနေ ဆင်းလာကြတယ်တဲ့။ အဲဒီမှာ တစ်ယောက်ရဲ့ မျက်နှာက သန့်ရှင်းနေပြီး တစ်ယောက်ရဲ့မျက်နှာက ညစ်ပတ်နေတယ်။ ဒါဆို ဘယ်သူက ရေသွားချိုးမလဲ။ သေချာစဉ်းစားပြီးမှ ဖြေနော်"

mgyoe.com

mgyoe.com SAMPLE BOOK


"ရှင်းနေတာပဲဟာ... ညစ်ပတ်နေတဲ့ သူက ရေသွားချိုးမှာပေါ့"

ဖြူ့ရဲ့ အဖြေကို ကြားတော့ အောင်နိုင်သူ တစ်ယောက်လို ကျွန်တော် ရယ်ပစ်လိုက်တယ်။

"မှားတယ်... အကြီးအကျယ် မှားတယ်။ သန့်ရှင်းတဲ့သူက သွားချိုးမှာ။ ဘာလို့လဲဆိုတော့ သန့်ရှင်းတဲ့သူက ညစ်ပတ်နေတဲ့ သူရဲ့ မျက်နှာကို မြင်ပြီး သူ့မျက်နှာဆိုလည်း ညစ်ပတ်မယ် ထင်ပြီး ရေသွားချိုးမှာပေ့ါ။ ညစ်ပတ်တဲ့သူကျတော့ သန့်ရှင်းတဲ့သူ မျက်နှာကို ကြည့်ပြီး သူ့ကိုယ်သူ သန့်ရှင်းနေတယ်ပဲ ထင်မှာ... မဟုတ်ဘူးလား"

သူ မျက်မှောင်ကြုတ်ပြီး နှုတ်ခမ်းကိုက်လိုက်ပါတယ်။ ပြီးတော့ မကျေမချမ်းနဲ့ပဲ "အင်းလေ... ထားပါတော့" ဆိုပြီး စူပွစူပွ ပြောတယ်။

"မပြီးသေးဘူး။ နောက်တစ်မျိုး ပြောင်းမေးဦးမယ်။ ခုနကလိုပဲ လူနှစ်ယောက် မီးခိုးခေါင်းတိုင်ပေါ်ကနေ ဆင်းလာတယ်။ တစ်ယောက်မျက်နှာက ညစ်ပတ်ပြီး ကျန်တဲ့ တစ်ယောက်က သန့်ရှင်းနေမယ်။ ဘယ်သူက ရေသွားချိုးမှာလဲ"

"ပြောတော့ ပြောင်းမေးမှာဆို... ခုနက မေးခွန်းကြီးပဲ"

"ခင်ဗျားကလည်း ဖြေမှာသာ ဖြေစမ်းပါ"

"ခုနက ရှင်ပြောတော့ သန့်ရှင်းတဲ့ သူက ရေသွားချိုးမှာ ဆို... အဲဒါ မဟုတ်ဘူးလား"

"မဟုတ်ဘူး... မှားတယ်... ဒီတစ်ခါ နှစ်ယောက်စလုံး ရေသွားချိုးမှာ။ သန့်ရှင်းတဲ့သူကလည်းညစ်ပတ်တဲ့သူကိုကြည့်ပြီးသူလည်းညစ်ပတ်နေမှာပဲလို့ ထင်ပြီး ရေသွားချိုးမယ်။ အဲဒီမှာ ညစ်ပတ်တဲ့ သူကလည်း သန့်ရှင်းတဲ့သူ ရေချိုးတာ ကြည့်ပြီး... သူလည်း ညစ်ပတ်ချင် ညစ်ပတ်နေမှာပဲလို့ တွေးမိပြီး ရေသွားချိုးမယ်"

"ဘာ.... ရှင့်လူတွေက ဘယ်လိုဟာတွေလဲ"

"ဟာဗျာ... ကျွန်တော့် လူတွေ မဟုတ်ပါဘူး... ပုံပြင်ထဲကပါ ခင်ဗျားကလဲ..."

ကျွန်တော်တို့ နှစ်ယောက် စကားတပြောပြောနဲ့ ဆင်းလာကြတာ စောင်းတန်းတစ်လျှောက်မှာ...အစ်ကိုရေ...အစ်မရေ...လာပါဦး...ဘာလိုချင်သလဲ ဝင်ကြည့်လေ ဆိုပြီး အော်ခေါ်နေတဲ့ ဈေးသည်တွေကိုတောင် စကားမပြန်နိုင်အား

mgyoe.com

mgyoe.com

ပါဘူး။ တချို့ဆိုင်တွေကတော့ သိမ်းနေကြပြီ။ လေအငွေ့မှာ နိဗ္ဗာန်ကုန်ဆိုင်တွေဆီကနေ စစ်စေးအနံ့တွေ တစ်ချက်တစ်ချက် လှိုက်ခနဲ ကဆုန်ပေါက် ရောက်လာတတ်သေးတယ်။ တစ်ခါတလေကျတော့ ဖြူ့ဆီက အမျိုးအမည် မသိတဲ့ ရေမွှေးနံ့ သင်းခနဲ လွင့်လာတတ်တယ်။

"နောက်တစ်ခု ထပ်မေးမယ်နော်" ကျွန်တော်က စကားဆက်ဖို့ လုပ်တော့ သူက "ဟမ်... မပြီးသေးဘူးလား" လို့ အော်ပါလေရော။

"ခင်ဗျားပဲ ဖြေမယ်ဆို"

"ဟင်း... အေးပါလေ... ရှိပါစေတော့... ကဲ...ကဲ မေး"

သက်ပြင်းချရင်းကနေ စိတ်မပါသလို ပြောပြန်တယ်။ တကယ်က သူ ရှုံးနေလို့ စိတ်မပါလက်မပါ ဖြစ်နေတာ နေမှာပေ့ါ။ ကျွန်တော်လည်း ဘယ်ရမလဲ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့ သူ့ကို တကယ့် ဉာဏ်အလင်း ပေါက်ပါစေတော့ ဆိုပြီး အကျွတ်တရားရတဲ့အထိ သူ့ဦးနှောက်ကို အလုပ်ပေးမယ်လို့ ဆုံးဖြတ်ထားတယ်လေ။

"လူနှစ်ယောက် မီးခိုးခေါင်းတိုင်ထဲကနေ ထွက်လာတယ်...တစ်ယောက် မျက်နှာက ညစ်ပတ်ပြီး ကျန်တစ်ယောက်က သန့်ရှင်းနေတယ်။ ဘယ်သူ ရေသွားချိုးမှာလဲ"

"ဟာကွာ လာပြန်ပြီလား... ဒီလူနှစ်ယောက်။ ကဲ... ဘယ်သူမှ ရေမချိုးဘူး ရှင်းပြီလား"

"ဟား... ဒီတစ်ခါတော့ ခင်ဗျား မှန်တယ် သိလား... ဘယ်သူမှ ရေမချိုးဘူး... ဒီလိုကျတော့ ခင်ဗျားက တော်သားပဲ။ အဖြေ ဘယ်လို သိသွားတာလဲ"

မေးရတာ စိတ်တောင် ပျက်ပါတယ်။ သူ ပြန်ဖြေတာက "ဘယ်လိုမှ မသိဘူး... ရှင့်ကို အမြင်ကတ်လာလို့၊ တစ်ယောက်ပြီး တစ်ယောက် ရေချိုးတာနဲ့၊ နှစ်ယောက်စလုံး ရေချိုးတာ ဆိုတဲ့ အဖြေတွေ ပြီးသွားရင် နှစ်ယောက်လုံး ရေမချိုးတာ ဖြစ်ဖို့ပဲ ကျန်တော့တယ်လေ" တဲ့။

ကျွန်တော့်မှာ ရယ်ရခက်၊ ငိုရခက်။ တကယ်က သူ တော်လို့မှ မဟုတ်တာပဲ။ သူ့ဟာက မှန်းပြီး ဖြေတာပဲလေ။ သူ ဖြတ်ထိုးဉာဏ် ကောင်းတာကိုတော့ ချီးကျူးမိပါတယ်။

"ဒါပေမဲ့ မပြီးသေးဘူး။ အားလုံးကို ခြုံပြီး ကြည့်လိုက်ရင် ခင်ဗျားမှာ ဆင်ခြင်ဉာဏ် လိုအပ်နေသေးတယ်။ ခင်ဗျားပဲ စဉ်းစားကြည့်လေ... လူနှစ်ယောက်

mgyoe.com

မီးခိုးခေါင်းတိုင်ထဲက ထွက်လာပါတယ်ဆိုမှ တစ်ယောက်က သန့်ရှင်းပြီး တစ်ယောက်က ညစ်ပတ်နေပါ့မလား… ဒါ ဖြစ်နိုင်လား ဆိုတာ အရင်မစဉ်းစားဘဲ ကျွန်တော် မေးသမျှ ဖြေနေတယ်… ခင်ဗျား တော်တော် မစဉ်းစားတတ်တာပဲ”

“ဘာ”

သူ အော်လိုက်တဲ့ အသံက အတော်ကျယ်ပါတယ်။ ရုတ်တရက်မို့ ကျွန်တော်တောင် လန့်သွားမိတယ်။ အတော်ဒေါပွသွားပုံပဲ။ ပြီးမှ သူ့အသံကို သူ ပြန်ထိန်းလိုက်ပြီး မခံချိမခံသာနဲ့ ကျွန်တော့်ကို ချက်ချင်း ဘာပြန်ပြောလို့ ပြန်ပြောရမှန်း မသိ၊ ဇွေ့ဇွေ့ခုန်နေလိုက်တာ။ သူ့ဖြစ်ပုံကို ကြည့်ပြီး ကျွန်တော် အတော်လေး သဘောကျမိတယ်ဗျ။

“ဒါ ရှင် သက်သက်မဲ့ ညစ်တာပဲ… အရည်မရ အဖတ်မရတွေ ကျွန်မကို မေးပြီးတော့ အောင်ပွဲခံဦးမယ်ပေါ့… တော်တော် စိတ်ပုပ်တာပဲ”

“ဟ… ကျွန်တော် စိတ်ပုပ်တာ မဟုတ်ဘူး။ အဲဒါ ဂျူးဟာသ စာအုပ်ထဲမှာ ပါတာ။ သူတို့ဆီမှာ တာလ်မုတ်လေ့ဂျစ်ကျမ်း ဆိုတာ ရှိတယ်… အဲဒီထဲမှာ ဒီယုတ္တိဗေဒ စမ်းသပ်မှုတစ်ခု ပါတယ်၊ ဒီမေးခွန်းတွေနဲ့ ယုတ္တိဆင်ခြင်နိုင်မှု ဘယ်လောက် ရှိသလဲ ဆိုပြီး ဆန်းစစ်ကြတာလေ… မယုံရင် ခင်ဗျား ရှာကြည့်ပါလား”

အဲဒီလို အထက်စီးက ပိတ်ပြောလိုက်တော့မှပဲ မရွှေချောဟာ လက်မခံချင် ခံချင်နဲ့ ပါးစပ်ပိတ်သွားပါတော့တယ်။ ဒါပေမဲ့ ကျွန်တော် မှန်းနိုင်ပါတယ်။ ကျွန်တော့်ရှေ့မှာ ပြန်မပြောသာလို့ ပါးစပ်ပိတ်နေလိုက်ရပေမယ့် သူ့အိမ်ပြန်ရောက်ရင် ကျွန်တော် ပြောတာ ဟုတ်၊ မဟုတ်ကို အင်တာနက်ထဲ မွှေပြီး ရှာကြည့်တော့မှာ။ ဖြူဟာ လွယ်လွယ်နဲ့ အရှုံးပေးတတ်တဲ့သူ မဟုတ်မှန်း ကျွန်တော် ခံစားသိသိနေခဲ့တယ်။

စောင်းတန်းတစ်လျှောက် အောက်ဘက်ကို ဆင်းလာတော့ လမ်းမတန်းဘက်နဲ့ နီးလာတဲ့အခါ အလင်းရောင်လည်း ပိုများလာပါတယ်။ အပြင်မှာ လေသိပ်သွားပါပြီ။ ဒါပေမဲ့ မျက်နှာပေါ် ဝဲပြီး ကျနေတဲ့ သူ့ဆံနွယ်တွေကတော့ ကပိုကရို ဒီအတိုင်း လွင့်နေဆဲပဲ။

ဒီလို ညဦးမှာ သူနဲ့ ညစာသွားစားမယ် ဆိုရင် ရေပြင်ကျယ်ကန်တစ်ခုခုနဲ့ ကပ်နေတဲ့ စားသောက်ဆိုင်မျိုးကိုပဲ ကျွန်တော် ရွေးချယ်ချင်ပါတယ်။ ဒါဆိုရင်

mgyoe.com

နှစ်ယောက်သား စားသောက်ရင်း စကားပြောချင် ပြော၊ မပြောချင်ရင်လည်း ကန်ရေပြင်ကို ငေးပေ့ါ။ ညမှောင်နေလို့ ဘာမှ မမြင်ရဘူး ဆိုရင်တောင် ကန်ရေပြင်ကို ဖြတ်ပြီး တိုက်ခတ်လာတဲ့ လေတဖြူးဖြူးကို အရသာခံလို့ ရသေးတယ်လေ။ ကျွန်တော်ကသာ စိတ်ကူးယဉ်နေတာပါ။ ဒါပေမဲ့ အရာရာဟာ ကိုယ် တွက်ဆထားသလို မဖြစ်ဘူး၊ ကိုယ် ထင်ထားသလိုလည်း မဟုတ်ဘူး ဆိုတာ နောက်ထပ် တစ်မိနစ်လောက်တောင် မကြာတဲ့ အချိန်အတွင်းမှာပဲ ကျွန်တော် သိလိုက်တယ်။

"ခင်ဗျား ရှုံးတယ် ဆိုပေမယ့် ကျွန်တော်ပဲ ညစာ ကျွေးမယ်လေ။ ဆိုင်ကတော့ ကျွန်တော် သိပ်မသိဘူး... ခင်ဗျားပဲ ရွေးပါ"

ကားရှိတဲ့ နေရာကို သွားနေရင်းကနေ သူ့ခြေလှမ်းတွေ တုံ့သွားတယ်။ ကျွန်တော့်ဘက်ကို လှည့်ကြည့်လိုက်တဲ့ အကြည့်ဟာ အားတုံ့အားနာဖြစ်ပြီး အကျပ်ရိုက်နေတဲ့ ပုံပေ့ါ။ သူ ပြောဖူးသလို အမူအရာကို ကြည့်ပြီး ဘာသာစကားကို အဓိပ္ပာယ်ဖော်ကြေးဆိုရင်... ခပ်လေးလေး သူ သက်ပြင်းချလိုက်တာ၊ ပြီးတော့ ခေါင်းငုံ့သွားတာ၊ ကားနားရောက်ခါနီးတော့ ကျွန်တော့်ဘက်ကို စောင်းကြည့်လိုက်တာ... ဒါတွေဟာ သူ့ဘက်က အဆင်မပြေတဲ့ အချက်ပြသင်္ကေတတွေပဲလို့ ကျွန်တော် နားလည်လိုက်တယ်။

"ကျွန်မ လိုက်နိုင်မှာ မဟုတ်ဘူး... အောင်... အခု ဒီက ပြန်ရင် ကျွန်မ ယောက္ခမကို ဆေးရုံမှာ သွားကြည့်ရမယ်... ဆေးရုံတက်နေတာ တစ်ပတ်ရှိပြီ၊ ကျွန်မ တစ်ခါမှ မရောက်သေးဘူး။ ခုနက ဘုရားပေါ်မှာ ရေသပ္ပာယ်တုန်းက ကျွန်မ အမေအတွက်လို့ ပြောသေးတယ်လေ... အဲဒါ ကျွန်မ ယောက္ခမပါ"

ထင်မှတ်မထားတဲ့ စကားမို့ တစ်ခဏတော့ ယောင်မှားပြီး အသက်အောင့်လိုက်မိတယ်။ ထောင့်တွေ ချွန်နေတဲ့ ကျောက်စရစ်ခဲတစ်လုံးကို နင်းလိုက်မိလို့ ခြေဖဝါးက စူးခနဲဖြစ်သွားတာကို ခံစားလိုက်ရတာတောင် ချက်ချင်း မေ့သွားပါတယ်။

ပြဿနာက အံ့အားသင့်တဲ့ ကိစ္စကြီးသက်သက် မဟုတ်ဘူး။ တစ်ခုခုကို ဘဝင်မကျသလို ခံစားချက် မှုန်ဝါးမှုန်ဝါးလေးပါ ကပ်ပါလာပါတယ်။ သိပ် သိမ်မွေ့လွန်းတဲ့ ခံစားချက်ပဲ။ မြင်သာဖို့ ဖမ်းဆုပ်ဖို့ မလွယ်ကူနိုင်အောင် လှစ်ခနဲ ပေါ်ပြီးလှစ်ခနဲ ပျောက်သွားတယ်။ 'ငါ ဘာဖြစ်နေတာလဲ' ဆိုပြီး ကိုယ့်ဘာသာ တစ်ယောက်တည်း ငြိမ်ငြိမ်လေး ဆင်ခြင်တော့မှသာ စိတ်ရဲ့ မီးခိုးရောင် အစွန်းကွက်ကို သတိထားမိနိုင်တာပါ။

mgyoe.com

mgyoe.com SAMPLE BOOK


"စိတ်တော့ မရှိပါနဲ့… ကျွန်မ အောင့် ကိုလည်း ပြန်လိုက် မပို့နိုင်တော့ဘူးရယ်… ဆေးရုံက ဒီနား နီးနေပြီမို့ပါ"

သူ ညာနေတယ်လို့ ကျွန်တော် မထင်ပါဘူး။ အလေးအနက် ထားပြီး ပြောနေတဲ့ သူ့ကို ကျွန်တော် ယုံပါတယ်။ ပြီးတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်ဟာ သူ့ရဲ့ အကြောင်းပြချက်ကို လက်ခံပေးရမယ့် အနေအထားမှာ ရှိပါတယ်။ သဘာဝအတိုင်း အရောင်တွေ ပြောင်းနေတယ်။ သဘာဝအတိုင်း အရွက်တွေ ကြွေနေတယ်။ သဘာဝအတိုင်း ပူနေ၊ အေးနေတယ်။ ကိုယ် စီရင်နိုင်စွမ်း မရှိတဲ့၊ သူ့သဘော သူ ဆောင်နေတဲ့ အရာတွေကို အဝေးကနေ ငေးကြည့်နေရသလိုပဲ… သူ့ကို လည်း ကျွန်တော် ဆွဲထားလို့မှ မရတာ။

ဒါနဲ့ပဲ ကျွန်တော့်လိပ်စာကတ်လေး သူ့ကို ထုတ်ပေးလိုက်တယ်။ နောက်နောင် လိုအပ်လို့ သူ ဆက်သွယ်လာမယ် ဆိုရင်လည်း ဆက်သွယ်ပါစေပေါ့။ စကားပြောကောင်းတဲ့ မိတ်ဆွေ၊ သွက်လက်ချက်ချာတဲ့ အမျိုးသမီး၊ ချစ်စရာကောင်းတဲ့ နှမလေးအဖြစ် ကျွန်တော် သတိရနေမှာပါ။

"ဒီမှာ အီးမေးလ်လိပ်စာလည်း ပါတယ်။ ဖုန်းကလည်း ဗိုင်ဘာကနေ ခေါ်လို့ ရပါတယ်။ ခင်ဗျားကို ဆက်သွယ်လို့ ရမယ့် မေးလ်နဲ့ ဖုန်းနံပါတ်လည်း ပေးပါဦး"

သူ့လိပ်စာ ကျွန်တော့်ကို ပေးဖို့ ကားထဲမှာ ရေးခြစ်စရာ တစ်ခုခုကို ရှာနေလား မသိပါဘူး။ နည်းနည်း ကြာတယ်။ ပြီးတော့ ရယ်ကျဲကျဲနဲ့ "ဘောလ်ပဲန် ကျန်ခဲ့ပြန်ပြီ" လို့ ဆိုလာတယ်။ ဘောင်းဘီအိတ်ထဲက ဘောလ်ပဲန်ကို ကျွန်တော် လှမ်းပေးလိုက်တယ်။ သူ့ကြည့်ရတာ မဟန်တာကြောင့် တစ်လက်စတည်း ကျွန်တော့် မှတ်စုစာအုပ် သေးသေးလေးကိုပါ ပေးလိုက်သေးတယ်။

"ကျွန်မလည်း မြန်မြန်သွားပြီး ည သိပ်မမှောင်ခင် ပြန်မှ ဖြစ်မှာ… လိုက်မပို့တာကို စိတ်မရှိနဲ့နော်" လို့ ဖုန်းနံပါတ်နဲ့ မေးလ်လိပ်စာကို ခေါင်းငုံ့ပြီး ခပ်သုတ်သုတ် ရေးရင်းက ပြောရှာတယ်။ သူ့ခမျာလည်း ကျွန်တော့်ကို အတော် အားနာနေပုံပါပဲ။

အမေရိကန်တွေလိုသာ ဆိုရင်ဖြင့် သူ မသွားခင်မှာ ကျွန်တော်နဲ့ သူနဲ့ ပွေ့ဖက်ပြီး နှုတ်ဆက်ဖြစ်ကြမှာပါ။ ခုတော့ သူက "သွားတော့မယ်နော်"လို့ ဆိုတာနဲ့ ကျွန်တော်က "ရပါတယ်ဗျာ… အားမနာပါနဲ့၊ ဖြည်းဖြည်းသွားပါ" လောက်တော့ ပြန်ပြောရတာပဲ။ ကျွန်တော်တို့ကြားမှာ မကြာခင် ပြန်တွေ့ပါမယ် ဆိုတဲ့ သဘောနဲ့

 mgyoe.com SAMPLE BOOK 

တစ်ယောက်ကို တစ်ယောက် "ဆီးယူ" လို့လည်း မပြောဖြစ်ခဲ့ကြဘူး။ အနည်းဆုံး "တာ့တာ" လောက်တောင် မပြောလိုက်ရပါဘူး။ သူဟာ စိတ်မြန်လက်မြန် ရှိပုံပါပဲ။

အဲဒီ ညနေက ဂူးခန် မောင်းထွက်သွားတဲ့ သူ့ဆလွန်းကား ဖြူဖြူလေးကို ကျွန်တော် ငေးကြည့်ရင်း ကျန်ရစ်ခဲ့ရပါတယ်။ ငယ်ငယ်တုန်းက ကိုယ့်ရစ်ဘီလုံးကို ကျော်ခိုင်းသွားတဲ့ အဖြူရောင်စွန်ကလေးကို ငေးကြည့်ရတုန်းကလို ခံစားချက်မျိုးနဲ့ပေါ့။ အခုမှ သိခါစ အမျိုးသမီး တစ်ယောက်နဲ့ အဲဒီလောက် စကားကြာကြာ ချောချောမောမော ပြောနိုင်ခဲ့လို့ ကျွန်တော့်ကိုယ် ကျွန်တော်လည်း အံ့ဩမိတာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

# (၃)

တိုင်ကပ်နာရီဆီကနေ ဒင်းဒေါင်၊ ဒင်းဒေါင် အသံ နှစ်ချက် ကြားတော့မှ မနက် နှစ်နာရီထိုးနေပြီ ဆိုတာ သတိထားမိတော့တယ်။ ဆောင်းတောင် မကုန်သေးဘူး။ အပူချိန်ဟာ တရိပ်ရိပ် ထိုးတက်လာပြီ။ ညအချိန် ဆိုပေမယ့်လည်း လေက ဝပ်လွန်းအားကြီးတော့ ချွေးတစိမ့်စိမ့်နဲ့ ပိတ်လှောင်နေတယ်။ ကောင်းကင်မှာ တိမ်အရိပ်တွေ ပျောက်နေတာလည်း ကြာပါပေါ့။ ဒီလိုအချိန်မှာ ပြန့်ကျဲနေတဲ့ ကြယ်ပွင့်သေးသေးလေးတွေကိုကော၊ ဆန်းစလ ကွေးကွေးလေးကိုကော အရံအတားအဆီးမရှိ မြင်နိုင်ပါတယ်။

ဒီရက်ပိုင်း နေပူလွန်းအားကြီးလို့ လူလည်း နုံးချည့်နေတာပဲ။ စားလို့ သောက်လို့လည်း မကောင်း။ ပိုပြီးတောင် ပင်ပန်းလွယ်လာတယ်။ တစ်သက်လုံး မာန်တင်း ထားခဲ့တဲ့ စိတ်ဟာ နေ့ရက်ကြာရှည် နေပူခံလာရတဲ့ ရွက်ခြောက်လိုပဲ ထိတာနဲ့ ကြွေ၊ ဖိတာနဲ့ ကြေ ဆိုသလိုအထိအခိုက် မခံနိုင်လောက်အောင် ညှိုးခြောက်နေတယ်။ ညနေစောင်းတုန်းက ဖွေးဖွေးရဲ့ သားဦးလေး (၁) နှစ်ပြည့် မွေးနေ့ပွဲ ဖိတ်စာကို ကြည့်ပြီးတောင် မျက်ရည်စို့ချင်ချင် ဖြစ်နေတာကိုသာ ကြည့်တော့။

mgyoe.com